# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၁၅)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်
## (၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို နံနက် ၁၀း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀ း ၃၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၅) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၄၁၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၅.၃၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့မှာ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ ၂၆-၇-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော် ဦးအေးမြင့်မှ စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး ယခင် ခွင့်ပန်ကြားထားသူ ၁၂ ဦးရှိပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၈ ဦးရှိပြီ စုစုပေါင်းကိုယ်စားလှယ် ၂၀ ဦး ခွင့်တောင်းခံထားပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၈ ဦးမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(၁) ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးဘထီးသည် နေမကောင်းပါသဖြင့် ၂၆-၇-၂၀၁၂ ရက်နေ့မှ ၂၇-၇-၂၀၁၀၂ ရက်နေ့အထိ ခွင့် ၂ ရက်အဖြစ်လည်းကောင်း၊

(၂) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်ကသည် နေမကောင်းပါသဖြင့် ၂၆-၇-၂၀၁၂ ရက်နေ့မှ ၂၇-၇-၂၀၁၀၂ ရက်နေ့အထိ ခွင့် ၂ ရက်အဖြစ်လည်းကောင်း၊

(၃) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်းသည် နေမကောင်းပါသဖြင့် ၂၆-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၄) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်းသည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ၂၆-၇-၂၀၁၂ ရက်နေ့မှ ၂၇-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်အဖြစ်လည်းကောင်း၊

(၅) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦးသည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ၂၆-၇-၂၀၁၂ ရက်နေ့မှ ၂၇-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်အဖြစ်လည်းကောင်း၊

(၆) လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ၂၆-၇-၂၀၁၂ ရက်နေ့မှ ၂၇-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်အဖြစ်လည်းကောင်း၊

(၇) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၂၆-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၈) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်းသည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ၂၆-၇-၂၀၁၂ ရက်နေ့မှ ၂၇-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်အဖြစ်လည်းကောင်း အသီးသီးတင်ပြလာပါတယ်။

အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၁၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၈ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၂၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။ **]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ အရည်အချင်းနှင့်ကိုက်ညီပါက အမျိုးသမီးများအား ရွေးချယ်ပိုင်ခွင့်နှင့် လက်ခံမှုရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်။ ကျွန်မကတော့ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာ ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၉ တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ပြည့်စုံရမည့်အရည်အချင်းနှင့် ကိုက်ညီပါက အမျိုးသမီးများအား ရွေးချယ်ပိုင်ခွင့်၊ တင်မြှောက်ပိုင်ခွင့် ရှိ၊ မရှိ သိရှိလိုပါတယ်ရှင့်။ အကျိုးအကြောင်းဖော်ပြချက်အရ ကရင်ပြည်နယ်မှာရှိတဲ့ ကျေးရွာဒေသ

အချို့မှာ ကျေးရွာလူကြီးအဖြစ်ထားရှိရာမှာ ပြဿနာကို သိမ်မွေ့ညင်သာစွာ ဖြေရှင်းတတ်သော၊ ပို၍ ပြောဆိုဆက်ဆံတတ်သော အမျိုးသမီးများကိုသာ ရွာလူကြီးအဖြစ် ထားရှိကြပါတယ်ရှင့်။ သို့ဖြစ်ပါ၍ ကျေးရွာအုပ်စုကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ပြည့်စုံရမည့်အရည်အချင်းနှင့် ကိုက်ညီပါက အမျိုးသမီးများအား ရွေးချယ်ပိုင်ခွင့်၊ တင်မြှောက်ပိုင်ခွင့်ရှိ၊ မရှိသိရှိလိုပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၉ အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ပြည့်စုံရမည့် အရည်အချင်းနှင့်ကိုက်ညီပါက အမျိုးသမီးများအား ရွေးချယ်ပိုင်ခွင့်၊ တင်မြှောက်ပိုင်ခွင့်ရှိ၊ မရှိနှင့် ရွေးချယ်တင်မြှောက်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှ လက်ခံနိုင်ခြင်းရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁ ကို ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာလည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ ကို ၂၀၁၂ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင်လည်းကောင်း နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ ဥပဒေများနှင့်စပ်လျဉ်းပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများကို ပြည်ထဲရေးဝန်ကြီးဌာနက ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် (၃၈၆/၂၀၁၂) နှင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ အခန်း(၃) ပုဒ်မ ၅ မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှာ ပြည့်စုံရမယ့် အရည်အချင်းများနှင့်ပတ်သက်ပြီး နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်ခြင်း၊ အသက် ၂၅ နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊ သင့်တင့်သော ပညာအရည်အချင်းရှိသူဖြစ်ခြင်း၊ စားဝတ်နေရေးဖူလုံမှုရှိသူဖြစ်ခြင်း၊ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများ

အတွင်း တစ်ဆက်တည်း အနည်းဆုံး ၁၀ နှစ် နေထိုင်လျက်ရှိသူဖြစ်ပြီး လက်ရှိတာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အမှန်တကယ်နေထိုင်မည့်သူဖြစ်ခြင်း၊ ခြွင်းချက်အနေနဲ့ ဒေသခံအငြိမ်းစား ဝန်ထမ်းများဖြစ်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သည့်ကာလကို လျှော့ပေါ့စဉ်းစားနိုင်ပါတယ်။ ရပ်ရွာက ကြည်ညိုလေးစားခြင်းခံရပြီး သိက္ခာသမာဓိရှိသူဖြစ်ခြင်း၊ ကျန်းမာရေးကောင်းမွန်ပြီး ပေးအပ်သည့်တာဝန်ကို ထမ်းဆောင်နိုင်စွမ်းရှိသူဖြစ်ခြင်း၊ နိုင်ငံတော်နှင့် ရပ်ရွာဒေသ၏အကျိုးကို စေတနာထက်သန်စွာဖြင့် တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိသူဖြစ်ခြင်း၊ အတူနေမိသားစုဝင်များသည်လည်း အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူဖြစ်ခြင်း၊ တာဝန်ထမ်းဆောင်ဆဲ အစိုးရဝန်ထမ်းမဟုတ်ခြင်း၊ လက်နက်ကိုင်အဖွဲ့အစည်းဝင်နှင့် မတရားအသင်းအဖွဲ့များ၌ ပါဝင်သူ၊ ဆက်သွယ်သူမဟုတ်ခြင်းဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ အခန်း(၄) ပုဒ်မ ၆ မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို ခန့်အပ်တာဝန်ပေးခြင်းနှင့်ပတ်သက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ယင်းတာဝန်ကို ထမ်းဆောင်ရန် ဆန္ဒရှိသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ အများကြည်ညိုလေးစားပြီး သြဇာတိက္ကမရှိတဲ့ ရပ်မိရပ်ဖ ၅ ဦးကိုရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်ရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ သို့ဖြစ်ပါ၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို ရွေးချယ်တင်မြှောက်ရာမှာ ဖော်ပြပါဥပဒေပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အများကြည်ညိုလေးစားပြီး သြဇာတိက္ကမရှိတဲ့ ရပ်မိရပ်ဖ ၅ ဦးပါရှိတဲ့ ကြီးကြပ်ရေးအဖွဲ့နှင့် ရွေးချယ်တင်မြှောက်တဲ့ မည်သည့် အမျိုးသားအမျိုးသမီးကိုမဆိုရွေးချယ်တင်မြှောက်နိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ဒေါ်ဝင်းမော်ထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဝင်းမော်ထွန်း(ရေနံချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါတယ်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင်းမော်ထွန်း ဖြစ်ပါတယ်။ ကျွန်မ

ဒီနေ့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးနှင့်ပတ်သက်ပြီး မေးမြန်းမှာဖြစ်ပါတယ်။ ကျွန်မ သိရသလောက်ကတော့ မြန်မာနိုင်ငံမှာ လူဦးရေသန်းခေါင်စာရင်းဟာ ၁၉၈၃ ခုနှစ် နောက်ဆုံးထားပြီးကောက်ယူခဲ့တာ ဒီနေ့အထိမကောက်ဖြစ်တော့ပါဘူး။ နှစ်ပေါင်း ၃၀ ကျော်အကြာမှာ ပြန်လည်ကောက်ယူရမယ့် ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းဟာဖြင့် တစ်နိုင်ငံလုံးရဲ့လူဦးရေအမှန်ကိုလည်း သိရှိရတော့မှာဖြစ်ပါတယ်။ ဤသန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းဟာ ကြီးမားကျယ်ပြန့်ပြီးတော့ ခက်ခဲနက်နဲပြီး အဓိကအားဖြင့်ငွေကုန်ကြေးကျလွန်စွာကြီးမားတယ်ဆိုတာကို ကျွန်မသိရှိပါတယ်။ ကျွန်မတို့နိုင်ငံဟာ နိုင်ငံပေါင်း ၅ နိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်ပြီး ကမ္ဘာ့လူဦးရေအများဆုံးဖြစ်တဲ့ နိုင်ငံကြီးနှစ်ခုကြားမှာ တည်ရှိတာပါ။ နိုင်ငံအတွင်းမှာနေထိုင်ကြတဲ့ ဝေးလံတဲ့ဒေသတွေ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ဒေသတွေ၊ တိုင်းရင်းသားတွေရဲ့ပြန့်ကျဲနေထိုင်မှုတွေ၊ ဘာသာစကားကွဲပြားမှုအပြင် ရွှေ့ပြောင်းလုပ်သား၊ နယ်စပ်ချင်းထိစပ်ပြီးနေထိုင်ကြသူများ၊ ငြိမ်းချမ်းရေးရယူပြီးသော တိုင်းရင်းသားများစတဲ့ လူဦးရေသန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းဟာ ခက်ခဲမယ်လို့ကျွန်မသိပါတယ်။ သန်းခေါင်စာရင်းကောက်ယူရေးအတွက် ထောင့်ပေါင်းစုံကနေ နည်းပညာလိုအပ်ချက်၊ အသုံးပြုမယ့်ငွေကြေးလိုအပ်ချက်၊ လူအင်အားလိုအပ်ချက်နဲ့ပြည့်စုံမှသာ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်းအောင်မြင်စွာပြီးစီးလိမ့်မယ်လို့ သတ်မှတ်ယူဆမိပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတကာအကူအညီနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ အကူအညီများ၊ ပြည်သူလူထုတစ်ရပ်လုံးပါဝင်ဆောင်ရွက်နိုင်မှသာ အချိန်မီလုပ်ငန်းပြီးစီးမယ်လို့လည်း မျှော်လင့်ပါတယ်။ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်ပိုင်းကလည်း လိုအပ်သလို ပူးပေါင်းဆောင်ရွက်လိုပါတယ်။ ဒီသန်းခေါင်စာရင်းကောက်ယူမှုကိုကျွန်မစိတ်ဝင်စားပါတယ်။ ဒီသန်းခေါင်စာရင်းရဲ့ရရှိလာမယ့် အကျိုးရလဒ်ဟာ တိုင်းပြည်ရဲ့ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ GDP နှင့် သုတေသနလုပ်ငန်းများအတွက် အထောက်အကူပြုနိုင်တဲ့အပြင် အသက်အပိုင်းအခြားအလိုက် လူ့စွမ်းအားအရင်းအမြစ်ကိုဖော်ထုတ်နိုင်မှာဖြစ်ပါတယ်။ အခြားအခြားသောကိစ္စရပ်များအတွက်လည်း ကိန်းဂဏန်းများတိကျမှန်ကန်စွာဖြင့် အထောက်အကူပြုမယ်လို့ယုံကြည်မိပါတယ်။ အစိုးရဝန်ကြီးဌာနတစ်ခုနဲ့သာမက ဒေသအသီးသီးရဲ့ အရည်အသွေးကိုလည်းမြှင့်တင်ပေးရာရောက်မယ်လို့ ထင်မြင်မိပါတယ်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး အတွက် ယခုအချိန်အထိလုပ်ဆောင်ပြီးတဲ့ အခြေအနေများ၊ လုပ်ဆောင်ဆဲအခြေအနေများအား

လည်းကောင်း၊ တစ်တိုင်းပြည်လုံးအတိုင်းအတာနဲ့ ပြုမူဆောင်ရွက်မယ့်လုပ်ငန်းကြီးဖြစ်တဲ့အတွက် အားလုံးကိုလွှမ်းခြုံပြီးတော့ပူးပေါင်းပါဝင်လာအောင် မည်ကဲ့သို့အသိပညာပေးဆောင်ရွက်မည်ကို လည်းကောင်းသိရှိလိုပါတယ်။ အောင်မြင်စွာပြီးမြောက်နိုင်ရန်အတွက် မည်ကဲ့သို့သောအခက်အခဲ များကိုတွေ့ကြုံနိုင်တယ်ကိုသိရှိလိုပါ၍မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ရီ(ပြည်ထောင်စုဝန်ကြီး၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင်းမော်ထွန်းရဲ့ မေးမြန်းချက်နှင့်ပတ်သက်လို့ ကျွန်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မေးမြန်းချက်မှာ ၂၀၁၄ ခုနှစ်မှာပြုလုပ်မယ့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းနှင့်ပတ်သက်လို့ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းတွေ၊ တွေ့ကြုံရမယ့်အခက်အခဲတွေနှင့် ပြည်သူတစ်ရပ်လုံးအသိပညာပေး လုပ်ငန်းတွေနှင့်ပတ်သက်လို့ ဆောင်ရွက်နေတဲ့အခြေအနေကိုသိလိုကြောင်း မေးမြန်းထားတာတွေ့ ရပါတယ်။ ဒီလုပ်ငန်းဟာ တစ်တိုင်းပြည်လုံးဝိုင်းဝန်းကူညီရမယ့် အမျိုးသားရေးလှုပ်ရှားမှုလုပ်ငန်းကြီး တစ်ရပ်ဖြစ်တာကြောင့် အခုလိုမေးမြန်းတဲ့အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မေးခွန်းရှင် အပါအဝင် ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုနေကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ရှေ့မှောက်မှာ ရှင်းပြခွင့်ရတာကြောင့် ကျွန်တော့်အနေနဲ့လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း တင်ပြလိုပါတယ်။ မေးခွန်းက စုံအောင်မေးထားသလို၊ စုံအောင်ဖြေရမှာဖြစ်တာကြောင့် အချိန် အနည်းငယ်ယူပြီး ဖြေကြားခွင့်ပြုပါရန်လည်း ဥက္ကဋ္ဌကြီးထံကြိုတင် တင်ပြအပ်ပါတယ်။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ၂၀၁၄ ခုနှစ်မှာ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဟာ လုပ်ငန်းပမာဏကြီးမား ရှုပ်ထွေးပြီး ကုန်ကျစရိတ်များလွန်းတဲ့အတွက် ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတောင် ၁၀ နှစ်ကိုတစ်ကြိမ်သာ ဆောင်ရွက်လေ့ရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ ၁၉၈၃ ခုနှစ်နောက်ပိုင်းမှာ အကြောင်း အမျိုးမျိုးကြောင့် သန်းခေါင်စာရင်းမကောက်ယူနိုင်တဲ့အတွက် အခုကောက်ယူမယ့် ပြည်လုံးကျွတ် အဆင့်သန်းခေါင်စာရင်းဟာ နှစ် ၃၀ ကြာမှကောက်ယူရတဲ့ အတွေ့အကြုံပြတ်လပ်မှုတွေကြောင့်

လစ်ဟာမှုမရှိရအောင် နောက်တစ်ချက်က ခေတ်သစ်နည်းစနစ်တွေအရ စာရင်းမကောက်ယူမီမှာ ကြိုတင်ပြင်ဆင်ရမယ့်အဆင့်တွေဟာ ယခင်ထက် ပိုမိုများပြားလာတာကြောင့် ကျွန်တော်တို့ကြိုတင်ပြင်ဆင်မှုအပိုင်းကို အသေးစိတ်အချိန်ယူပြီး စတင်ဆောင်ရွက်ရကြောင်း ကနဦးတင်ပြလိုပါတယ်။ ၂၀၁၄ ခုနှစ်မှာ ကောက်ယူမယ့် လူဦးရေသန်းခေါင်စာရင်းကိုလုပ်ငန်းအဆင့် ၄ ဆင့် ခွဲခြားပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပထမအဆင့်က ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းအပိုင်းဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ မေလကတည်းက ကျွန်တော်တို့စတင်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ၃၁-၃-၂၀၁၄ ရက်နေ့အထိကြိုတင် ပြင်ဆင်ခြင်းကာလဖြစ်လို့ ၃၅ လကြာအချိန်ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒုတိယအဆင့်ကတော့ စာရင်းကောက်ယူခြင်းလုပ်ငန်းဖြစ်ပြီးတော့ ၁-၄-၂၀၁၄ ကနေ ၃၁-၅-၂၀၁၄ ရက်နေ့အထိ ၂ လကြာ အချိန်ယူဆောင်ရွက်မှာဖြစ်ပါတယ်။ တတိယအဆင့်ကတော့ ကောက်ယူပြီး စာရင်းများကိုစာရင်းပြုစုခြင်းလုပ်ငန်းရပ်တွေဖြစ်လို့ ၁-၆-၂၀၁၄ ကနေ ၃၁-၁၂-၂၀၁၄ အထိ ၇ လကြာဆောင်ရွက်ရန်လျာထားပါတယ်။ စတုတ္ထအဆင့်ဖြစ်တဲ့ ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာပြုစုထုတ်ပြန်ခြင်းလုပ်ငန်းကိုတော့ ၁-၁-၂၀၁၅ ကနေ ၂၈-၂-၂၀၁၅ ရက်နေ့အထိ ၂ လကြာဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမယ့်အစီအမံတစ်ခုလုံးကို ၃ နှစ်နှင့် ၁၀ လ ကြာဆောင်ရွက်မှာဖြစ်ပြီး အကြမ်းဖျင်းအားဖြင့်တော့ ၂၀၁၅ ခုနှစ်အတွင်းမှာပဲ လူဦးရေဆိုင်ရာအခြေခံအချက်အလက်များကို ထုတ်ပြန်နိုင်မှာဖြစ်ပါကြောင်း ကနဦးတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ အခု ဆောင်ရွက်မယ့်သန်းခေါင်စာရင်းနှင့်ပတ်သက်ပြီး အခြေခံထားတဲ့ကိန်းဂဏန်းများကိုဦးစွာတင်ပြလိုပါတယ်။ လူဦးရေနှင့်ပတ်သက်ပြီး တရားဝင်တင်ပြထားတဲ့ ၆၀.၃၈ သန်းကိုအခြေခံပါ့မယ်။ အိမ်ထောင်စုကို ၁၁ သန်းကိုအခြေခံပါ့မယ်။ မြို့နယ်ပေါင်း ၃၃၀၊ ရပ်ကွက်ပေါင်း ၃၀၅၁၊ ကျေးရွာအုပ်စုပေါင်း ၁၃၆၂၀၊ ကျေးရွာပေါင်း ၆၄၁၄၁ စတဲ့ကိန်းဂဏန်းများကို အခြေခံကိန်းဂဏန်းများအဖြစ် အသုံးပြုဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီအခြေခံပေါ်မှာမူတည်ပြီးတော့ စာရင်းကောက်တဲ့အခါမှာလွယ်ကူအောင်ဆိုပြီးတော့ ပျမ်းမျှအိမ်ခြေ ၁၂၅ ကနေပြီးတော့ ၁၅၀ ကြား၊ တချို့နေရာတွေမှာ အိမ်ခြေ ၆၀ ကနေ ၇၀ ကြားကို ကောက်ကွက် ၁ ကွက်အဖြစ်သတ်မှတ်ဖွဲ့စည်းမှာမို့တစ်နိုင်ငံလုံးမှာ ကောက်ကွက်ပေါင်း ၉၁၀၀၀ ခန့်ရှိမှာဖြစ်ပါတယ်။ ကောက်ကွက်တစ်ကွက်မှာ စာရင်းကောက် ၁ ဦးနှင့် ကောက်ကွက် ၅ ကွက်ကို စာရင်းစစ် ၁ ဦးခန့်ထားဆောင်ရွက်မှာဖြစ်တဲ့အတွက်ကြောင့် စုစုပေါင်းကောက်ကွက် ၉၁၀၀၀ အတွက် အရန်အင်အားကိုပါထည့်တွက်ရင် စာရင်း

ကောက်အင်အား ၁၀၀၀၀၀ နှင့် စာရင်းစစ်အင်အား ၂၀၀၀၀ ခန့်နှင့် ဒီစီမံချက်ကိုဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်မှာ အသင့်တော်ဆုံးဖြစ်မယ့် ပညာရေးဝန်ထမ်းများရဲ့ကူညီမှုနဲ့ဆောင်ရွက်မှာဖြစ်ပြီး မူလတန်းပြဆရာဆရာမလေးများကိုစာရင်းကောက်အဖြစ်လည်းကောင်း၊ အလယ်တန်းပြဆရာဆရာမလေးများကိုစာရင်းစစ်အဖြစ်လည်းကောင်း သတ်မှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သက်ဆိုင်ရာပညာရေးဝန်ကြီးဌာနနှင့်လည်း ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မြေပြင်ကွင်းဆင်းစာရင်းကောက်တဲ့လုပ်ငန်းကို ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ကနေ ၇ ရက်နေ့အထိ ၇ ရက်တာဆောင်ရွက်မှာဖြစ်ပါတယ်။ မေးမြန်းကောက်ယူရာမှာ အသက်အရွယ်၊ ကျား၊မ၊ မွေးသက္ကရာဇ်၊ အိမ်ထောင်ရေးအခြေအနေ၊ လူမျိုး၊ မွေးဖွား၊ သေဆုံး၊ ပြောင်းဝင်၊ ပြောင်းထွက် စတဲ့လူဦးရေပြောင်းလဲခြင်းဆိုင်ရာအချက်အလက်တွေ၊ ဝင်ငွေ၊ အသုံးစရိတ်စတာတို့ပါတဲ့ စီးပွားရေးဆိုင်ရာအချက်အလက်တွေ။ စာပေတတ်မြောက်မှုစတဲ့ပညာရေးဆိုင်ရာအချက်အလက်တွေ။ အိမ်ရာပိုင်ဆိုင်မှု၊ ဘာသာစကားစတဲ့အချက်တွေကို ကောက်ယူမေးမြန်းသွားမှာဖြစ်ပါတယ်။ လူတစ်ဦးကိုပျမ်းမျှမေးခွန်း ၄၀ ခန့်မေးမြန်းနိုင်အောင်စီမံထားတာဖြစ်ပါတယ်။ ကောက်ယူပြုစုတဲ့အခါမှာ အိမ်ထောင်စုလိုက်နေတဲ့လူဦးရေတွေ။ ရွှေ့ပြောင်းသွားလာနေတဲ့လှေ၊ သင်္ဘောစတာတွေအပေါ်မှာနေထိုင်တဲ့လူဦးရေတွေ။ ရဲစခန်း၊ ဘုန်းကြီးကျောင်း၊ ဆေးရုံ၊ အကျဉ်းထောင်၊ လူမှုစောင့်ရှောက်ရေးဂေဟာစတာတွေမှာနေထိုင်တဲ့လူတွေအပါအဝင် အဖွဲ့အစည်းအလိုက်ရှိနေတဲ့လူဦးရေတွေ။ အိမ်ရာအတည်တကျမရှိဘဲနဲ့ ကြုံရာကျပန်းနေထိုင်သူတွေနှင့် လှည့်လည်သွားလာသူလူဦးရေ၊ နိုင်ငံခြားမှာရောက်နေတဲ့ မြန်မာနိုင်ငံသားဦးရေ၊ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့နေထိုင်သူ နိုင်ငံခြားသားများဦးရေ၊ ကာကွယ်ရေးဆိုင်ရာတပ်ဖွဲ့အသီးသီး (ငြိမ်းချမ်းရေးအဖွဲ့အစည်းများအပါအဝင်) စတာတို့မှာပါဝင်တဲ့ဦးရေနှင့် သစ်တောကြိုးဝိုင်းတွေအတွင်းမှာရှိတဲ့လူဦးရေစသည်ဖြင့် အချက်အလက်ပေါင်းများစွာကောက်ယူမှတ်တမ်းတင်ထိန်းသိမ်းသွားမှာဖြစ်ပါတယ်။ စာရင်းကောက်ယူမယ့်မူအနေနဲ့ အမြဲတမ်းနေထိုင်တဲ့အရပ်မှာကောက်ယူတဲ့မူ ပထမ ၆ ရက်အတွင်းမှာ ကောက်ယူသွားမှာဖြစ်ပြီးတော့သတ္တမမြောက်နေ့မှာတော့ အိမ်ခြေမဲ့ ခြေသလုံးအိမ်တိုင်များအတွက် တွေ့ရာအရပ်မှာကောက်ယူတဲ့ Defecto Method ကိုသုံးပြီး ဒီနည်းလမ်း ၂ ခုနှင့် ပေါင်းစပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနည်းလမ်း ၂ ခုမှာလည်း မထပ်မကျန်ရအောင် စီမံထားရှိပြီးဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

စာရင်းကောက်ယူမယ့်နည်းလမ်းပိုင်းမှ ကမ္ဘာမှာသုံးတဲ့နည်းလမ်း ၂ သွယ်နှင့် ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့သင့်တော်တဲ့ စာရင်းကောက်ယူမယ့်သူတွေကို တစ်အိမ်တက်ဆင်းမေးမြန်းကောက်ယူတဲ့ နည်းလမ်း (Canvasser Method) ဆိုတဲ့နည်းကို အသုံးပြုမှာဖြစ်ပါတယ်။ အချို့နိုင်ငံတွေမှာတော့ မေးခွန်းတွေကိုအိမ်တွေကိုပို့ပြီးတော့ သူ့ဟာသူ ဖြေကြားစေတဲ့ Household Method လို့ခေါ်တဲ့ နည်းကိုသုံးစွဲကြပါတယ်။ ဒါဟာ သန်းခေါင်စာရင်း ၁၀ နှစ် ၁ ကြိမ်ပုံမှန်ကောက်နေတဲ့နိုင်ငံတွေမှာ ကျင့်သားရနေလို့သုံးတာဖြစ်ပေမယ့် ကျွန်တော်တို့ဆီမှာတော့ လတ်တလောအခြေအနေအရ Canvasser Method ကပဲမှားယွင်းမှုမရှိဘဲ အသင့်တော်ဆုံးဖြစ်နိုင်တဲ့အတွက်ကြောင့် ဒီနည်းကို အသုံးပြုရခြင်းဖြစ်ပါကြောင်းတင်ပြလိုပါတယ်။ အလားတူပဲ ဝေးလံခေါင်ဖျားဒေသတွေ အဲ့ဒီအချိန် အထိ စာရင်းကောက်တဲ့အချိန်အထိ လုံခြုံရေးအခြေအနေအရ သွားလို့မရသေးတဲ့နေရာများရှိနေ သေးတယ်ဆိုရင်လည်း တပ်မတော်စစ်ကြောင်းများ၊ အဖွဲ့အစည်းများ၊ ထိုးဖောက်တပ်မတော်များ၊ လူဦးရေပညာဆိုင်ရာ ခန့်မှန်းတွက်ချက်နည်းများနှင့် တွက်ချက်ကောက်ယူသွားမှာဖြစ်ပါတယ်။ အဲ့ဒီလိုလုံခြုံရေးအခြေအနေအရ သွားလို့မရနိုင်တဲ့ဒေသတွေကလည်း ကျွန်တော်တို့ ခန့်မှန်း တွက်ချက်မှုတွေအရ စုစုပေါင်းလူဦးရေရဲ့ ၂ ရာခိုင်နှုန်းခန့်ပဲရှိကြောင်း အလျဉ်းသင့်လို့ တင်ပြ အပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ မေးခွန်းထဲမှာဆောင်ရွက်ပြီးစီးမှုအပိုင်းကိုမေးထားတာဖြစ်တဲ့အတွက်ကြောင့် ဒီကာလဟာ ကျွန်တော်တို့ရဲ့အချိန်ဇယားအရ ကြိုတင်ပြင်ဆင်ခြင်းကာလဖြစ်တာကြောင့် သန်းခေါင်စာရင်းကြိုတင် ပြင်ဆင်မှုလုပ်ငန်းတွေများစွာရှိတဲ့အနက်က ယနေ့အထိဆောင်ရွက်ပြီးစီးမှုကိုတော့ ကျွန်တော်အကျဉ်း ချုံးတင်ပြပါ့မယ်။ ပထမဦးဆုံး ကျွန်တော်တို့ပြီးစီးသွားတဲ့လုပ်ငန်းကတော့ သန်းခေါင်စာရင်းစီမံချက် ပြုစုခြင်းလုပ်ငန်းဖြစ်ပါတယ်။ ဒီလုပ်ငန်းကို ကျွန်တော်တို့ပြည်တွင်းမှာရှိတဲ့ အတွေ့အကြုံရှိတဲ့ဝန်ထမ်း ဟောင်းတွေ၊ ပညာရှင်တွေ၊ ကျွန်တော်တို့နဲ့ပေါင်းစပ်ဆောင်ရွက်နေတဲ့ UNFPA ကတာဝန်ရှိ ပုဂ္ဂိုလ်တွေ၊ ကုလသမဂ္ဂအစီအစဉ်နဲ့စေလွှတ်ပေးတဲ့ နိုင်ငံတကာအကြံပေးပညာရှင်တွေ စတာတွေ နဲ့ အကြိမ်ကြိမ်တိုင်ပင်ဆွေးနွေးပြီးတော့ ခေတ်နှင့်အညီဖြစ်စေဖို့အကြိမ်ကြိမ်ပြင်ဆင်ပြုစုရေးဆွဲပြီးဖြစ် ပါတယ်။ ဒီလုပ်ငန်းနှင့် စီမံချက်ပေါ်မူတည်ပြီး လုပ်ငန်းတစ်ခုချင်းစီအတွက် လုပ်ငန်းအချိန်ဇယားများ ရေးဆွဲခြင်း၊ ဘဏ္ဍာငွေစာရင်းခန့်မှန်းတွက်ချက်ခြင်းစတဲ့ လုပ်ငန်းတွေကိုလည်းဆောင်ရွက်ပြီးဖြစ်ပါ ကြောင်းတင်ပြအပ်ပါတယ်။ ဒုတိယပြီးတဲ့လုပ်ငန်းတစ်ခုကတော့ သန်းခေါင်စာရင်းကောက်တဲ့

အခါမှာအခြေခံရမယ့် လက်ရှိလူဦးရေနှင့် အခြေခံဒေသစာရင်းပြုစုခြင်းလုပ်ငန်းတွေဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလုပ်ငန်းကို ၂၀၁၁ ခုနှစ်၊ မေလကတည်းက စတင်ဆောင်ရွက်နေပြီးတော့ ဒီလုပ်ငန်းကတော့စဥ်ဆက်မပြတ်ဆက်လုပ်ရမယ့် လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ မြို့နယ်အဆင့်ကစပြီးတော့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ၆ လတစ်ကြိမ်ပေးပို့တဲ့ လူဦးရေနှင့် အခြေခံဒေသစာရင်းတွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူးထံကရရှိတဲ့စာရင်းတွေစုစည်းပြီး အချိန် ၆ လကြာတိုင်း ကြာတိုင်းမှာ ပြောင်းလဲမှုတွေကို Up to Date ဖြစ်အောင်မှတ်တမ်းတင်နေတာဖြစ်ပါတယ်။ အခုအခါမှာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အုပ်ချုပ်ရေးမှူးတို့ရဲ့လုပ်ငန်းတာဝန်တွေထဲမှာ လူပုဂ္ဂိုလ်၊ အိမ်ထောင်စု၊ ပြောင်းဝင်၊ ပြောင်းထွက်၊ သေဆုံး၊ မွေးဖွား၊ အိုးခွဲ၊ အိမ်ခွဲစတာတွေကိုမှတ်တမ်းတင်ရမယ့်တာဝန်တွေပါနေပြီဖြစ်တဲ့အတွက်ကြောင့် ၆ လတစ်ကြိမ် ပိုမိုမှန်ကန်တဲ့စာရင်းဇယားတွေ စုဆောင်းရရှိနိုင်ပြီလို့ဆိုလိုခြင်းဖြစ်ပါတယ်။ အဲ့ဒီအပေါ်မှာ အခြေခံပြီးလည်း ဆက်လက်ဆောင်ရွက်သွားနေတာဖြစ်ပါတယ်။

တတိယဆောင်ရွက်ပြီးတဲ့လုပ်ငန်းကတော့ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွေကို အနီးကပ်ကြပ်မတ်ကွပ်ကဲနိုင်ဖို့ ဒုတိယသမ္မတကြီး ဒေါက်တာစိုင်းမောက်ခမ်းကို နာယကအဖြစ် ဦးဆောင်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကျွန်တော်က ဥက္ကဋ္ဌအဖြစ်တာဝန်ယူလို့ ဆက်စပ်ဝန်ကြီးဌာနမှအဖွဲ့ဝင် ၁၈ ဦးပါတဲ့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး ဆက်စပ်ဝန်ကြီးဌာနမှအဖွဲ့ဝင် ၂၄ ဦးပါတဲ့ ဗဟိုသန်းခေါင်စာရင်း ကော်မတီကိုလည်း ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလကတည်းက ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ အဲ့ဒီ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ရဲ့လုပ်ပိုင်ခွင့်ဘောင်ထဲက တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုသန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်ကိုလည်း ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ မြေပြင်လုပ်ငန်းတွေကို တိုင်းဒေသကြီးနှင့်ပြည်နယ်တွေကို ရောက်လာတာနှင့်တစ်ပြိုင်နက်ဆောင်ရွက်ဖို့လည်း အသင့်ရှိနေကြပြီဖြစ်ပါတယ်။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီအစည်းအဝေးတို့ကိုလည်း လုပ်ငန်းလိုအပ်ချက်တိုင်းမှာ စဥ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိနေပါကြောင်း အသိပေးတင်ပြအပ်ပါတယ်။

ဆောင်ရွက်ပြီး စတုတ္ထလုပ်ငန်းကတော့ မြေပုံရေးဆွဲခြင်းလုပ်ငန်းဖြစ်ပါတယ်။ သန်းခေါင်စာရင်းကောက်ယူရာမှာ ထပ်ခြင်း၊ ကျန်ခြင်းမရှိဘဲနဲ့ ကောက်ယူရမယ့်သူအားလုံးကိုပါအောင်

ကောက်ယူဖို့အတွက် အခြေခံမြေပုံတွေရေးဆွဲခြင်း၊ စာရင်းကောက်ကွက်များခွဲနိုင်ဖို့ဟာ အဓိက လိုအပ်ချက်ဖြစ်ပါတယ်။ မြေပုံရေးဆွဲရာမှာ ပထမအဆင့်ဖြစ်တဲ့ မြန်မာနိုင်ငံထဲမှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာအားလုံးရဲ့မြေပုံတွေကို အဆောက်အဦစာရင်း၊ လူစာရင်းပါထည့်ပြီးတော့ရေးဆွဲရတာဖြစ်ပါ တယ်။ မျက်စိနဲ့ကြည့်ပြီး လက်နဲ့ဆွဲတဲ့ Manual နည်းနဲ့ဆောင်ရွက်နေတာဖြစ်ပါတယ်။ ရပ်ကွက်၊ ကျေးရွာ၊ ကျေးရွာအုပ်စု၊ မြို့နှင့် မြို့နယ်အညွှန်းစတဲ့မြေပုံ ၅ မျိုးကိုရေးဆွဲရမှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ကွင်းဆင်းဆောင်ရွက်ရမယ့် လဝကဝန်ထမ်းတွေကို အဲ့ဒီကိစ္စတွေနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့နည်းပြသင်တန်းအဖြစ် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလကတည်းက ၂ ပတ်ကြာ နေပြည်တော်မှာပို့ချပြီးတော့ ဆင့်ပွားသင်တန်းများကိုလည်း တိုင်းဒေသကြီး၊ပြည်နယ် အသီးသီးမှာပို့ချထားပြီးဖြစ်ပါတယ်။ မြေပြင်မှာလည်း လဝကဝန်ထမ်းတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး တွေနှင့် မြေစာရင်းအရာရှိငယ်များပူးပေါင်းပြီးတော့ နိုင်ငံတစ်ဝန်းကွင်းဆင်းရေးဆွဲဆောင်ရွက်နေ ကြပြီဖြစ်ပါတယ်။ မြေပုံရေးဆွဲခြင်းလုပ်ငန်းဟာ အခြေခံကျသောလုပ်ငန်းပမာဏကြီးမားပြီး အချိန်ယူ ဆောင်ရွက်ရတဲ့လုပ်ငန်းတစ်ခုဖြစ်တဲ့အတွက်ကြောင့် အဲ့ဒီလုပ်ငန်းကို ကျွန်တော်တို့ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့အထိ ၃၄ လကြာလောက်အချိန်ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပဏာမအဆင့် Manual နဲ့ကွင်းဆင်းရေးဆွဲထားတဲ့မြေပုံတွေကို ခေတ်မီနည်းနဲ့ဖြည့်စွက်နိုင်ဖို့အတွက် ကုလသမဂ္ဂ အကူအညီပေးရေးအစီအစဉ်အရ ပထမအကြိမ် မြေပုံကျွမ်းကျင်သူပညာရှင်တစ်ဦးက ၂ ပတ်ခွဲလောက်ကြာ ကျွန်တော်တို့ဝန်ကြီးဌာနကိုလာပြီးတော့ ဝန်ထမ်းတွေနဲ့ရက်တိုသင်တန်းများပို့ချပြီး ဖြစ်ပါတယ်။ အဲ့ဒီလုပ်ငန်းမှာ ရပ်ကွက်တစ်ခုကို လမ်း၊ အိမ်၊ ထင်ရှားတဲ့အမှတ်အသားတွေဖော်ပြထား တဲ့ လက်နဲ့ဆွဲတဲ့မြေပုံကို ဂြိုလ်တုမြေပုံများ၊ UTM မြေပုံများနဲ့ထပ်လိုက်ခြင်းအားဖြင့် နယ်နိမိတ်တွေ၊ အဆောက်အဦတွေ၊ ထင်ရှားတဲ့နေရာတွေစသည်ဖြင့် အသေးစိတ်ထပ်ဖြည့်နိုင်တဲ့ Digital Type မြေပုံထုတ်လုပ်နည်းကိုရရှိနေပြီဖြစ်ပါတယ်။ အဲ့ဒါအပြင် GPS အသုံးပြုပြီးတော့ မြေပုံဖြည့်စွက် ရေးသားနည်းများကိုလည်း စာတွေ့လက်တွေ့လေ့ကျင့်ထားပြီးဖြစ်တဲ့အတွက်ကြောင့် ပေါင်းစပ်ပြီး တော့ Up Date ဖြစ်အောင်ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။

ဆောင်ရွက်ပြီး ပဥ္စမလုပ်ငန်းကတော့ နိုင်ငံတော်အကြီးအကဲနှင့် မစ္စတာဘန်ကီမွန်းတို့ ကြိုတင်ညှိနှိုင်းချက်အရ ကုလသမဂ္ဂနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ အကြား Land of Exchange ကိုလက်မှတ်ရေးထိုးလိုက်နိုင်တဲ့ကိစ္စဖြစ်ပါတယ်။ စံချိန်စံညွှန်းမီ သန်းခေါင်စာရင်းဖြစ်ရေးအတွက် နည်းပညာ၊ စက်ကိရိယာ၊ ကျွမ်းကျင်သင်တန်းနှင့် အဆင့်တစ်ခုချင်း

စီအတွက် ကျွမ်းကျင်ပညာရှင်များအပါအဝင် အကူအညီပေးရေးကိစ္စဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။

ဆောင်ရွက်ပြီး ဆဋ္ဌမလုပ်ငန်းအနေနဲ့ကတော့ ခေတ်နှင့်အညီသန်းခေါင်စာရင်းဥပဒေပြင်ဆင်ရေးဆွဲခြင်းလုပ်ငန်းဖြစ်ပါတယ်။ ကျွန်တော်တို့ သန်းခေါင်စာရင်းဥပဒေအသစ်ကို ယခင်ရှိပြီးဖြစ်တဲ့ ၁၉၇၂ ခုနှစ် သန်ခေါင်စာရင်းဥပဒေအပေါ်မှာအခြေခံပြီး ပြင်ဆင်ရေးဆွဲသွားမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနအဆင့် ပြင်ဆင်ရေးဆွဲခြင်းလုပ်ငန်းပြီးဆုံးပါပြီ။ နိုင်ငံတကာစံချိန်စံညွှန်းမီဖြစ်စေဖို့အတွက် ကုလသမဂ္ဂဥပဒေရေးရာအဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းဆောင်ရွက်ခြင်းများလည်းပြုလုပ်ပြီးဖြစ်ပါတယ်။ အချောသတ်ပြီးဖြစ်တဲ့ ကျွန်တော်တို့ သန်းခေါင်စာရင်းဥပဒေသစ်ကို ရှေ့နေချုပ်ရုံးကိုသဘောထားမှတ်ချက်ရယူဖို့ပေးပို့ထားပြီးဖြစ်ပါတယ်။ ထပ်ပြီးတော့လည်း ကျွန်တော်တို့အပြန်အလှန်တွေ့ဆုံညှိနှိုင်းပြင်ဆင်နေကြဆဲဖြစ်ပါတယ်။ အချောသတ်ရရှိလို့ရှိရင် အကြီးအကဲထံတင်ပြပြီး ခွင့်ပြုချက်နဲ့ လွှတ်တော် ဥပဒေကြမ်းကော်မတီကိုဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ အချိန်ဇယားအရ အချိန်လုံလောက်မှုရှိကြောင်းလည်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်အထက်ကတင်ပြခဲ့သလိုပဲ ဆောင်ရွက်ပြီးလုပ်ငန်းတွေရှိသလို လက်ရှိဆောင်ရွက်နေဆဲလုပ်ငန်းများလည်းရှိနေဆဲဖြစ်ပါတယ်။ အဲ့ဒီထဲက အချို့ကိုထုတ်နုတ်တင်ပြရရင် သန်းခေါင်စာရင်းနှင့်ပတ်သက်တဲ့ မေးခွန်းပုံစံများ၊ လက်စွဲစာစောင်များပြုစုခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများကို ကျွန်တော်တို့ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ နည်းပညာအသုံးပြုဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဝန်ကြီးဌာနတစ်ခုလုံး ကွန်ပျူတာစွမ်းရည်မြင့်မားရေးအတွက် စုစည်းဆောင်ရွက်လေ့ကျင့်မှုလုပ်ငန်းများလည်း ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ လုပ်ငန်းနှင့်ပတ်သက်တဲ့ လုပ်ငန်းအကြံပေးကော်မတီများ၊ နည်းပညာအကြံပေးကော်မတီများ ဖွဲ့စည်းရေးအတွက်လည်း ညှိနှိုင်းတိုင်ပင်ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ စနစ်တကျရေးဆွဲပြုစုထားတဲ့ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာမြေပုံများအပေါ်မှာ စာရင်းကောက်ကွက်တွေဖွဲ့စည်းဖို့၊ အဆောက်အအုံတင်ဖို့လုပ်ငန်းများလည်း စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ပြည်သူလူထုကိုချပြမယ့်မေးခွန်းပုံစံတွေနှင့် အချက်အလက်အသုံးပြုရမယ့်သူတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲများလည်းကျင်းပဖို့လည်းဆောင်ရွက်နေဆဲလုပ်ငန်းဖြစ်ပါတယ်။ Final Life ဖြစ်တဲ့စာရင်းကောက်ယူခြင်းလုပ်ငန်းမစခင်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုစီအတွက် မြို့မှာကောက်ကွက် ၂ ကွက်၊ ကျေးလက်မှာကောက်ကွက် ၂ ကွက်စီကို

စမ်းသပ်သန်းခေါင်စာရင်း Pre- Sunset ကောက်ဖို့လည်း ဝန်ထမ်းများကိုလေ့ကျင့်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ သန်းခေါင်စာရင်းမှာသုံးမယ့် စက်တစ်မျိုးဖြစ်တဲ့ (ICR) Intelligent Character Recognition နည်းပညာအသုံးပြုဖို့အတွက် လိုအပ်တဲ့စက်ကိရိယာတပ်ဆင်ခြင်း၊ Software များ Install လုပ်ခြင်း၊ Calculatain Plan ရေးဆွဲခြင်း၊ Data Entry Program များ၊ Editing Program များရေးသားခြင်းစတဲ့လုပ်ငန်းများကိုလည်း ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ စာရင်းစစ်များ၊ စာရင်းကောက်များအတည်ပြုခန့်ထားခြင်းနှင့် လုပ်ငန်းခွင်သင်တန်းများပေးခြင်း လုပ်ငန်းများကိုလည်း အချိန်ဇယားအတိုင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ မေးခွန်းမှာဖော်ပြခဲ့တဲ့အတိုင်း သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်ရမယ့်လုပ်ငန်းဖြစ်တဲ့အတွက် ပြည်သူတစ်ရပ်လုံးလွှမ်းခြုံပူးပေါင်းပါဝင်လာအောင် အသိပညာပေးရေးလုပ်ငန်းများဟာလည်း အလွန်အရေးကြီးပါတယ်။ သန်းခေါင်စာရင်းမှာ ပြည်သူတွေအပိုင်းကဖြေကြားဖို့တာဝန်ရှိမှုတွေ၊ မေးတဲ့မေးခွန်းအပေါ်မှာ အခွန်ဆောင်ခိုင်းမှာလားဆိုပြီးတော့ မှားယွင်းတွေးတောချက်နဲ့ မမှန်မကန်လိမ်လည်ဖြေကြားမှုတွေမရှိရအောင်၊ အထူးသဖြင့် လူမျိုး၊ မျိုးနွယ်စုဆိုင်ရာဖြေကြားချက်တွေကို နိုင်ငံသားဖြစ်မှုနဲ့ ရောထွေးမစဉ်းစားမိဖို့ကိစ္စတွေ သန်းခေါင်စာရင်းဟာ ပြည်သူအားလုံးအတွက်ဖြစ်တယ်ဆိုတာကို ပြည်သူအများလက်ခံနားလည်သဘောပေါက်နိုင်ဖို့အတွက် သန်းခေါင်စာရင်းရဲ့အကျိုးကျေးဇူးတွေကိုသိရှိနားလည်နိုင်စေဖို့အတွက်စတဲ့အချက်တွေကို နည်းလမ်းပေါင်းစုံနဲ့ ပညာပေးရေးလုပ်ငန်းတွေကို လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ယခင်အတွေ့အကြုံ၊ နိုင်ငံတကာအတွေ့အကြုံနှင့် လုပ်ငန်းအချိန်ဇယားတွေအရ လူထုပညာပေးရေးလုပ်ငန်းကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှာစတင်ရန်ဖြစ်သော်လည်း ကျွန်တော်တို့နိုင်ငံမှာ သန်းခေါင်စာရင်းမကောက်တာ အလွန်ကြာမြင့်သွားပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ ပြည်သူများအနေနဲ့ သန်းခေါင်စာရင်းရဲ့သဘောတရားများအပေါ်မှာ ရှုပ်ထွေးမှုရှိနေတာကြောင့် အသိပညာပေးရေးလုပ်ငန်းများကို စောနိုင်သမျှစောလျင်စွာဆောင်ရွက်နိုင်ဖို့အတွက် စတင်နေပြီဖြစ်ပါတယ်။ လက်လှမ်းတမီ အကြိုပညာပေးရေးလုပ်ငန်းတွေကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးစတဲ့ တိုင်း ၄ တိုင်းကိုတော့ ကျွန်တော်နှင့် တာဝန်ရှိအဖွဲ့အစည်းများ စတင်တွေ့ဆုံညှိနှိုင်းဆွေးနွေးနေပြီဖြစ်ပါတယ်။ သတင်းမီဒီယာများနှင့်လည်း ၅ ကြိမ်၊

၆ ကြိမ်လောက်တွေ့ဆုံဆွေးနွေးပြီးဖြစ်ပါတယ်။ အနည်းဆုံးတော့ ပြည်သူတွေကြားမှာ ၂၀၁၄ ခုနှစ်မှာ သန်းခေါင်စာရင်းကောက်မယ်ဆိုတာလောက်တော့ သိပြီးဖြစ်တဲ့အဆင့်လောက်ထိတော့ ရောက်နေပြီလို့ပြောရမှာဖြစ်ပါတယ်။ ဆက်ပြီးလည်း ကျွန်တော်တို့ ဆောင်ရွက်သွားဦးမှာဖြစ်ပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးကသိရှိပြီး လူထုလှုပ်ရှားမှုအသွင်နဲ့ပါဝင်လာစေရေးအတွက် သတင်းပြန်ကြားရေးလုပ်ငန်းတွေဖြစ်တဲ့ သတင်းစာတွေ၊ စာစောင်တွေမှာ ကြော်ငြာထည့်တာတို့၊ ပညာပေးစာစောင်များဖြန့်ဝေတာတို့၊ သတင်းစာ၊ ဂျာနယ်ဆောင်းပါးများရေးသားတာတို့၊ တံဆိပ်ခေါင်းတွေထုတ်ဝေတာတို့၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားမှာတွေ့ဆုံခန်းတွေလုပ်တာတို့၊ တေးသီချင်းများစပ်ဆိုအသံလွှင့်တာတို့၊ ရုပ်မြင်ဇာတ်လမ်းများရိုက်ကူးတာတို့၊ မြို့နယ်ပေါင်း ၃၃၀ နှင့်မြို့နယ်ခွဲ ၈၂ ခုမှာ ဗီနိုင်းဆိုင်းဘုတ်တွေစိုက်ထူတာတို့၊ နံရံကပ်ပိုစတာတွေရိုက်နှိပ်ဖြန့်ဝေတာတို့ စတာတွေကိုလည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင်လည်း နိုင်ငံတကာမှာဆောင်ရွက်နေတဲ့စနစ်တွေကို ကျွန်တော်တို့နိုင်ငံနဲ့ကိုက်ညီသမျှထည့်သွင်းအသုံးပြုသွားမှာဖြစ်ပါတယ်။ အသေးစိတ်အစီအမံများကိုလည်း ရေးဆွဲထားပြီးဖြစ်ပါတယ်။ ဒါနှင့်ပတ်သက်ပြီးတော့လည်း ကုလသမဂ္ဂအစီအစဉ်အရ အသိပညာပေးရေးဆိုင်ရာပညာရှင်တစ်ဦးလည်းလာရောက်ပြီး ကျွန်တော်တို့ကို အကြံဉာဏ်ပေးမယ့်အစီအစဉ်လည်းရှိပါတယ်။ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း ဝိုင်းဝန်းကူညီရမှာဖြစ်တဲ့အတွက်ကြောင့် ပြည်သူပိုင်းကိုတင်ပြလိုတဲ့အချက်ကတော့ သန်းခေါင်စာရင်းဟာ ပြည်သူလူထုအကျိုးအတွက်ကောက်ယူတာဖြစ်တယ်။ ဒါကြောင့်မို့လို့ ပြည်သူများက အမျိုးသားရေးလုပ်ငန်းတာဝန်အဖြစ် လူထုလှုပ်ရှားမှုအသွင်နဲ့ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးကြဖို့ ဒီသန်းခေါင်စာရင်းမှာ ကောက်ယူခဲ့တဲ့အချက်တွေကလည်း နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေမှာ အသုံးပြုမှာဖြစ်တဲ့အကြောင်းနှင့် အခွန်ဆောင်ခြင်းဆိုင်ရာကိစ္စတွေနှင့် ဘယ်လိုမှမပတ်သက်ကြောင်း၊ စာရင်းစစ်၊ စာရင်းကောက်များဟာ နိုင်ငံ့ဝန်ထမ်းများဖြစ်တဲ့အတွက်ကြောင့် စာရင်းကောက်ယူဖို့လာရောက်ချိန်မှာ အိမ်တံခါးဖွင့်ပြီးကြည်ဖြူစွာမေးခွန်းတွေကို ပြည့်စုံမှန်ကန်စွာဖြေကြားပေးဖို့အပိုင်းမှာလည်း ဝိုင်းဝန်းကူညီပေးဖို့ရှိပါကြောင်း တင်ပြအစီရင်ခံအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မေးခွန်းရှင်မေးမြန်းထားတဲ့အတိုင်း သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ပါဝင်ရမယ့် အမျိုးသားရေးလှုပ်ရှားမှုဖြစ်ခြင်း၊ လုပ်ငန်းပမာဏကြီးမားခြင်း၊ ကုန်ကျစရိတ်များပြားခြင်း၊ နှစ် ၃၀ ကျော်ကြာအတွေ့အကြုံပြတ်လပ်သွားခြင်းတို့ကြောင့် လုပ်ငန်း

ဆောင်ရွက်ရာမှာ အခက်အခဲများနဲ့ရင်ဆိုင်တွေ့ကြုံနိုင်ကြောင်း ကြိုတင်မှန်းဆထားပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့စုပေါင်းအားနဲ့ ဒီအခက်အခဲကိုကျော်ဖြတ်သွားမှာဖြစ်ပါတယ်။ ဥပမာတစ်ခု ပြောရရင် မြေပုံရေးဆွဲရေးလုပ်ငန်းတွေမှာ ကျွန်တော်တို့ လဝကဝန်ထမ်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ မြေစာရင်းအရာရှိများနှင့် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီလုပ်ငန်းဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ မျက်စိနဲ့ကြည့်ပြီး လက်နဲ့ဆွဲတဲ့ Manual လုပ်ငန်းနဲ့စတင်ဆောင်ရွက် နေတဲ့လုပ်ငန်းဖြစ်တဲ့အတွက် အချိန်မီပြီးစီးဖို့အတော်ခက်ပါတယ်။ လုပ်ငန်းချင်းနှီးနွှယ်ဆက်စပ်နေတဲ့ ဌာနများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက အပြည့်အဝပူးပေါင်းဆောင်ရွက်ပေးမှသာ ဒီလုပ်ငန်းကြီးဟာအချိန်မီပြီးစီးနိုင်မှာဖြစ်ပါတယ်။ မြေပုံရေးဆွဲခြင်းလုပ်ငန်းမပြီးရင် သန်းခေါင်စာရင်း ကောက်ယူရာမှာထပ်ခြင်း၊ ကျန်ခြင်းဖြစ်နိုင်တဲ့အတွက်ကြောင့် ရလာမယ့်အချက်အလက်တွေကလည်း အရည်အသွေးထိခိုက်နိုင်ပါတယ်။ ဒါ့ကြောင့် ဒီအချက်ကိုလည်း ကျွန်တော်တို့ကွင်းဆင်းပြီး ပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းစဥ်အတွက် စဥ်ဆက်မပြတ်နှိုးဆော်နေရတဲ့ အခက်အခဲများလည်းရှိပါတယ်။ နောက်တစ်ချက်က ဘဏ္ဍာငွေနှင့် အထောက်အကူပစ္စည်းများနှင့်ပတ်သက်လို့လည်း လိုအပ်ချက်များ ရှိနေဦးမှာဖြစ်ပါတယ်။ မူလကတော့ ကျွန်တော်တို့လုပ်ငန်းတစ်ခုလုံးစာအတွက် ဘဏ္ဍာငွေတွက်ချက် တင်ပြတောင်းခံထားခဲ့ပေမယ့် အတွေ့အကြုံတွေနည်းတာကြောင့် ထည့်သွင်းတွက်ချက်ရာမှာ မပါသွားတဲ့အချက်တွေကိုလည်း ထပ်မံလိုအပ်ချက်တွေအမြဲတမ်းရှိနေလို့ လိုနေသေးတဲ့အတွက် ကြောင့် ပြီးခဲ့တဲ့ဘတ်ဂျက်ကနေစပြီးတော့ နှစ်အလိုက်ပဲပိုင်းခြားတွက်ချက်တင်ပြပြီးတော့ တောင်း ခံသွားပါမယ်။ အရေးပေါ်လိုအပ်ချက်များရှိလို့ရှိရင်လည်း ဖြည့်စွက်ရန်ပုံငွေတင်ပြတောင်းခံခြင်းတွေ လုပ်ရမှာဖြစ်တဲ့အတွက်ကြောင့် ဒါနှင့်ပတ်သက်ပြီးတော့လည်း ကျွန်တော် လွှတ်တော်ဥက္ကဋ္ဌကြီးထံ ကြိုတင်တင်ပြထားခြင်းဖြစ်ပါတယ်။ နောက်တစ်ချက်က ဒီနေရာမှာအခက်အခဲအနေနဲ့ ဥပမာ ပြောရရင် အိမ်ထောင်စုဝင် ၁၁ သန်းအတွက် မေးခွန်းအဖြေခကိုက ၃၃ သန်းစာလောက် စာရွက်စာတမ်းထိန်းရမှာဖြစ်ပါတယ်။ အသုံးပြုရမယ့် ICR စက်တွေတပ်ဆင်ဖို့နေရာတွေ၊ ဝန်ထမ်း တွေ၊ ယခင်ကဆိုဝန်ထမ်းပေါင်းလုပ်အားပေး ၁၀၀၀ လောက်ထပ်ခန့်ရပါတယ်။ အဲ့ဒါတွေ သုံးမှာ ဖြစ်တဲ့အတွက်ကြောင့် အဲ့ဒီလောက် များများစားစားလိုအပ်မှုမရှိပါဘူး။ ဝန်ထမ်းတွေမဖြစ်မနေ ဖြည့်စွက်ခန့်ထားရမယ့်အခြေအနေ၊ နောက်လက်ရှိခန့်မှန်းထားတဲ့ ရုံးတစ်ရုံးစာလောက်ထပ်ပြီး လိုအပ်ချက်တွေ၊ နောက်ပြီးတော့ ကွင်းဆင်းဆောင်ရွက်ရမယ့်သူတွေအတွက် နေ့တွက်စရိတ် တောင်းခံမှုတွေစတဲ့ကိစ္စတွေဟာ အရေးပေါ်ထပ်မံတွက်ချက်ရတဲ့ဟာတွေ ဖြစ်တဲ့အတွက်ကြောင့်

ဒီအခက်အခဲများကို ဘဏ္ဍာငွေတင်ပြတဲ့အခါမှာလည်း ဝိုင်းဝန်းဖြေရှင်းပေးကြဖို့ ကျွန်တော့်အနေနဲ့ အလျဉ်းသင့်တုန်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ၂၀၁၄ ခုနှစ်၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့် ပတ်သက်လို့ လုပ်ရင်းနဲ့ကြုံတွေ့လာမယ့်အခက်အခဲတွေကို ကိုယ်စားလှယ်တော်ကြီးများနှင့်အတူ ပူးပေါင်းလက်တွဲဖြေရှင်းသွားမှာဖြစ်ပါတယ်။ ယခုအချိန်ထိ ဆောင်ရွက်ပြီးသမျှတွေမှာ ကျွန်တော်တို့ ဌာနတစ်ခုတည်းလောက်နဲ့ဆောင်ရွက်နိုင်တဲ့လုပ်ငန်းတွေဖြစ်လို့ ဌာနတစ်ခုတည်းနဲ့ဆောင်ရွက်နေ သော်လည်းပဲ နောင်များမကြာမီလုပ်ငန်းစဥ်တွေမှာ တိုင်းဒေသကြီးနှင့်ပြည်နယ်အနှံ့ ကွင်းဆင်း ဆောင်ရွက်ရမယ့် အများနဲ့ဆိုင်တဲ့လုပ်ငန်းတွေဖြစ်နေတာကြောင့် အခုလိုအသိပေးခွင့်ရတာကို ဝမ်းသာကြောင်း ကျွန်တော် ကနဦးပြောကြားခဲ့ခြင်းဖြစ်ပါတယ်။ လွှတ်တော်ပိုင်းမှာလည်း ဦးမောင်မောင်ဆွေဦးဆောင်တဲ့ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် နီးနီးကပ်ကပ်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုတွေလည်း ကျွန်တော်တို့စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီဥစ္စာနှင့်ပတ်သက်ပြီးတော့ အကြံပြုလိုတဲ့ အချက်များရှိရင်ပဲဖြစ်ဖြစ်၊ ချို့ယွင်းအားနည်းချက်များကို ထောက်ပြရင်ပဲဖြစ်ဖြစ် မည်သည့်ကိစ္စမျိုးမဆို နေ့ညအချိန်အခါမရွေး ဆက်သွယ်ဆောင်ရွက်ချက်အပေါ်မှာ အထူးလေးစား ကျေးဇူးတင်စွာဖြင့် လက်ခံရယူသွားမှာဖြစ်ပါတယ်။ ပြည်သူ့ကိုယ်စားလှယ်တော်ကြီးများကလည်း အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်တဲ့ ဒီလုပ်ငန်းစဥ်ကြီးကို ဒေသခံပြည်သူများနှင့်အတူ လိုအပ်သမျှ ကိုဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် လေးစားစွာအသိပေးတင်ပြအပ်ပါတယ်။ (သြဘာသံများ)

## ဦးတီခွန်မြတ်၊ ကွတ်ခိုင်မဲဆန္ဒနယ်၏ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး သတ္တမနေ့မှာ ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်တင်သွင်းထားတဲ့ တိုင်းရင်းသားလူ မျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေပြဋ္ဌာန်းရေးအဆိုနှင့် စပ်လျဉ်းပြီး ယနေ့

ဆက်လက်ဆွေးနွေးမှာဖြစ်ပါတယ်။ ပထမဦးစွာ မချမ်းဘောမဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း(ခ) ဦးအင်ထုဖုန်ဆန်း အား ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအင်ဖုန်ဆန်း(ခ)ဦးအင်ထုဖုန်ဆန်း(မချမ်းဘောမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ အထူး ဧည့်သည်တော်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မချမ်းဘောမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖုန်ဆန်း ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး သတ္တမနေ့မှာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတီခွန်မြတ် တင်သွင်းခဲ့သော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ရဲ့ဆွေးနွေးချက်အား စာတမ်းဖတ်၍ ဆွေးနွေးတင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သောနိုင်ငံဖြစ်ပါတယ်။ ဒါ့ကြောင့် လွပ်လပ်ရေးမရခင်ရေးဆွဲခဲ့သော ၁၉၄၇ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေမှာ တိုင်းရင်းသားလူမျိုးများ အပါအဝင်ဖြစ်သော နိုင်ငံသားများ၏ တန်းတူညီမျှ အခွင့်အရေး များ၊ လွတ်လပ်မှုအခွင့်အရေးများ၊ ဘာသာသာသနာရေးဆိုင်ရာ အခွင့်အရေးများ၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများ ပြဋ္ဌာန်းထားတာကိုတွေ့ရှိရပါတယ်။ သို့သော် တိုင်းရင်းသား လူမျိုးများနေထိုင်ရာ နယ်စွန်နယ်ဖျားဒေသများကို ပြည်ထောင်စုဗဟိုအစိုးရက လက်လှမ်းမမှီနိုင်၊ သက်ဆိုင်ရာ ပြည်နယ်အစိုးရများကလည်း မိမိတို့ပြည်နယ်များကို ဖွံ့ဖြိုးတိုးတက်အောင် မစွမ်းဆောင် နိုင်ခဲ့သဖြင့် ပြည်နယ်၊ ပြည်မကြားတိုးတက်မှုနဲ့ ဆင်းရဲချမ်းသာကွာဟမှု အလွန်ကြီးမားခဲ့ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးအားလုံးဟာ မိမိတို့မြန်မာနိုင်ငံ လွတ်လပ်ရေးရသည်နှင့် ဆောလျှင်စွာ ဖွံ့ဖြိုးတိုးတက်လာမည်ဟု မျှော်လင့်ခဲ့ကြသော်လည်း အကြောင်းတရားအမျိုးမျိုးကြောင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုအဆင့်အတန်းဟာ အလွန်နိမ့်ကျနောက်ကျ ကျန်ရစ်ခဲ့တာကို လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။ သာဓကအားဖြင့်တင်ပြရရင် ၁၉၅၆-၁၉၆၀ ခုနှစ် များအတွင်း တပ်မတော်မှ ဦးဆောင်သော နယ်စပ်ဒေသလေ့လာရေး၊ ယိမ်းနွဲ့ပါးစစ်ဆင်ရေးနှင့် မြန်မာ-တရုတ် နယ်ခြားကျောက်တိုင်စိုက်ထူရေး၊ ဘဘစစ်ဆင်ရေးစစ်ကြောင်းများဟာ နယ်စပ်ဒေသ

နှင့် တိုင်းရင်းသားလူမျိုးများရဲ့ စီးပွားရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေများကိုပါ ကွင်းဆင်းလေ့လာခွင့်ရရှိခဲ့ပါတယ်။ တိုင်းရင်းသားလူမျိုးများနှင့် ယင်းတို့နေထိုင်ရာ နယ်စပ်ဒေသသည် အဘက်ဘက်၌ နောက်ကျကျန်ရစ်နေကြောင်းကို နိုင်ငံတော်အစိုးရသို့ အသေးစိတ်အစီရင်ခံတင်ပြခဲ့ရာ နိုင်ငံတော်အစိုးရသည် သီးခြားရန်ပုံငွေဖြင့် နယ်ခြားဒေသအုပ်ချုပ်ရေးဌာနဖွင့်လှစ်ပြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများအတွက် ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ခဲ့ပါတယ်။ ကချင်ပြည်နယ်မှာ အရှေ့ပူတာအို နယ်ခြားခရိုင်၊ လောခေါင်နယ်ခြားခရိုင်နဲ့ ကျန်ပြည်နယ်များမှာလည်း နယ်ခြားဒေသအုပ်ချုပ်ရေးခရိုင်များ သတ်မှတ်ပြီး တပ်မတော်အရာရှိများက အုပ်ချုပ်ရေးတာဝန်ယူပြီး စီမံခန့်ခွဲရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပါတယ်။ တောင်တွေ့လျှင် လမ်းဖောက်မယ်၊ ချောင်းတွေ့လျှင် တံတားဆောက်မယ်၊ ရွာတွေ့လျှင် မြို့တည်ဆောက်မယ်ဟု ကြွေးကြော်လျက် တည်ဆောက်ရေးလုပ်ငန်းများ အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ပါတယ်။ ယခု ပြည်ထောင်စုလမ်းမ၏ အစွန်းအဖျားဖြစ်သော ပူတာအို-မချမ်းဘော-နောင်မွန် ကားလမ်း ၆၄ မိုင်သည် နယ်ခြားဒေသအုပ်ချုပ်ရေးကာလ ၁၉၆၀ ခုနှစ်များအတွင်း နှစ်ချင်းပေါက် ဖောက်လုပ်ခဲ့သော လမ်းများဖြစ်ပါတယ်။ သို့သော် ၁၉၆၂ ခုနှစ်နောက်ပိုင်း တော်လှန်ရေးကောင်စီ အစိုးရတက်လာ၍ နယ်ခြားဒေသအုပ်ချုပ်ရေးရုပ်သိမ်းခဲ့သဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများလည်း ရပ်ဆိုင်းခဲ့ရပါတယ်။ တဖန် ၁၉၇၄ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၂) မှာလည်း တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးများ ပြဋ္ဌာန်းထားရှိသော်လည်း လက်တွေ့ဆောင်ရွက်ရာ၌ အားနည်းချက်များရှိခဲ့ပါတယ်။ လူတစ်မျိုးနှင့်တစ်မျိုး ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် နည်းနိုင်သမျှနည်းအောင်ဆောင်ရွက်မည်။ ဖွံ့ဖြိုးတိုးတက်မှုအားနည်းနေသော လူမျိုးစုများအား ဖွံ့ဖြိုးတိုးတက်နေသော လူမျိုးစုများက အနစ်နာခံကူညီမည်ဟု ကြွေးကြော်ခဲ့သော်လည်း တိုင်းရင်းသားလူမျိုးများအတွက် တိကျခိုင်မာသော ဥပဒေပြဋ္ဌာန်းခြင်းမရှိခဲ့တဲ့အတွက် လက်တွေ့မှာ ဖြစ်မလာခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်မှာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပြီး တိုင်းရင်းသားဒေသများမှာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့တဲ့အတွက် အချို့ဒေသ၌ တိုးတက်မှုရှိခဲ့သော်လည်း ဝေးလံခက်ခဲသော တိုင်းရင်းသားလူမျိုးများနေထိုင်ရာ နယ်စပ်ဒေသများမှာ ဖွံ့ဖြိုးသင့်သလောက် တိုးတက်မလာတာကို တွေ့မြင်နေရပါတယ်။

လက်ရှိနိုင်ငံတော်အစိုးရလက်ထက်မှာလည်း နယ်စပ်ရေးရာဝန်ကြီးဌာနဟာ တိုင်းရင်းသားဒေသမှာ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သည့်အပြင် တစ်နိုင်ငံလုံးကိုလွှမ်းခြုံ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများဖော်ဆောင်နေရသဖြင့် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေတဲ့ တိုင်းရင်းသားများ နေထိုင်ရာဒေသများကို ထိရောက်စွာ ကူညီဆောင်ရွက်မှုမပြုလုပ်နိုင်မှာကိုလည်း စိုးရိမ်ပူပန်နေရပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးရခြင်းရဲ့ အဓိကအကြောင်းရင်းကတော့ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့်ပဲဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ ဝေးလံခေါင်းပါးဒေသ၊ ဝေးလံခေါင်သီဒေသ၊ ဝေးလံခက်ခဲဒေသဟု ဝိသေသအမည်နာမတပ်၍ ခေါ်ဝေါ်ခဲ့သည်မှာ လွတ်လပ်ရေးရချိန်မှ ယခုထိဖြစ်ပါတယ်။ ယခု အစိုးရသစ်လက်ထက်မှာလည်း ထိုတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဝေးလံခေါင်သီဒေသ မြို့နယ် ၈၀ ကျော်ရှိ နိုင်ငံ့ဝန်ထမ်းများအား လစာနှစ်ဆချီးမြှင့်ပေးတဲ့အတွက် လွှတ်တော်နှင့် နိုင်ငံတော်အစိုးရကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ အလယ်ပိုင်းဒေသဟာ ယခင်က မိုးခေါင်ရေရှားရပ်ဝန်းဒေသဟု ခေါ်ဝေါ်သတ်မှတ်ခဲ့သော်လည်း ယခုအခါ စိမ်းလန်းစိုပြည်သော မိုးနည်းဒေသဖြစ်လာပါတယ်။ အလားတူ သိပ္ပံနှင့်နည်းပညာတိုးတက်လာသော ခေတ်မှာကမ္ဘာကြီးဟာ ကမ္ဘာ့ရွာ (Global Village) အဖြစ် လွယ်ကူစွာ သွားလာဆက်သွယ်နေချိန်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ဝေးလံခေါင်ပါးဒေသဆိုတာ မရှိအပ်တော့ဘူးလို့ ယူဆပါတယ်။ အဲဒါကြောင့် ဝေးလံခေါင်ပါးဒေသများရဲ့ လမ်းပန်းဆက်သွယ်ရေးကို ရေတိုစီမံကိန်းဖြင့်ဦးစားပေးဆောင်ရွက်ပါက ဖွံ့ဖြိုးတိုးတက်သောဒေသအဖြစ်ပြောင်းလဲလာမှာ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာတာနှင့်အမှုကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့ခြင်း၊ ဆင်းရဲမှုလျော့နည်းလာခြင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ ဥပဒေဟာ မရှိမဖြစ်အရေးတကြီး ပြဋ္ဌာန်းပေးရန် လိုအပ်နေပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာမှာ တိုင်းရင်းသားလူမျိုးအားလုံးဟာ တန်းတူအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ ယုံကြည်ကိုးကွယ်မှုနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ တန်းတူရည်တူရှိရန် လိုအပ်နေပါတယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်မှာ ဒီမိုကရေစီကျင့်သုံးရာ၌ တရားမျှတမှု မရှိတဲ့အတွက် ဒီမိုကရေစီပြောင်းပြန် စာအုပ်ရေးသားသူ ကချင်ပြည်နယ် ဥက္ကဋ္ဌဟောင်း ဦးဇန်ထဆင်က ဒီမိုကရေစီရဲ့ အနှစ်သာရကို ကျွန်တော်တို့နေ့စဉ်စားသုံးနေသော ဆားနဲ့နှိုင်းယှဉ် ရေးသားထားတာကို လေ့လာမှတ်သားရပါတယ်။ ဆားကို ခါကာဘိုရာဇီတောင်ထိပ်မှာစားရင်လည်း ငန်တယ်၊ တောင်ခြေမှာစားရင်လည်း ငန်တယ်၊ ပင်လယ်သမုဒ္ဒရာကြမ်းပြင်ရေအောက်မှာ စားရင် လည်းငန်တယ်၊ လူဆင်းရဲ လူချမ်းသာ စားရင်လည်းငန်တယ်ဟု ဆားရဲ့အရသာကို ဒီမိုကရေစီအနှစ် သာရနှင့်နှိုင်းယှဉ်ဖော်ပြထားပါတယ်။ အဲဒါကြောင့် နိုင်ငံတော်အတွင်း ဒီမိုကရေစီစနစ်ကျင့်သုံး တဲ့အခါမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မဖွံ့ဖြိုးသေးသောဒေသများနှင့် တိုင်းရင်းသား လူများအားလုံး တစ်ပြေးညီ လူမှုစီးပွားဖွံ့ဖြိုးစေရန်နှင့် စာပေယဉ်ကျေးမှုဖြစ်ထွန်းစေရန် တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရန် အမှန်တကယ် လိုအပ်နေကြောင်း သုံးသပ်ဆွေးနွေးတင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိဂုံးချုပ်အနေ နဲ့ဆွေးနွေးတင်ပြလိုတာကတော့ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၁ (ဃ) မှာ နိုင်ငံသားများ၏ လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နဲ့တားမြစ်ချက်များ ထိရောက်ခိုင်မာ ပြည့်စုံစေရန် လိုအပ်သော ဥပဒေပြဋ္ဌာန်းရမည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။ အဲဒါကြောင့် တိုင်းရင်းသားလူမျိုးများနဲ့ပတ်သက်၍ အခြေခံဥပဒေနှင့် တည်ဆဲဥပဒေများက ပေးထားသော တာဝန်၊ ရပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်များ အပြည့်အဝရရှိနိုင်ရေးအတွက် ကွတ်ခိုင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ် တင်သွင်းသော တိုင်းရင်းသားလူမျိုးများ ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုကို အလေးအနက်ထောက်ခံပါ ကြောင်း ဆွေးနွေးတင်ပြအပ်တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော့်ကတော့ ရှမ်းပြည်နယ်၊ မူဆယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကွတ်ခိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတီခွန်မြတ်တင်သွင်းတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်

စောင့်ရှောက်တဲ့ ဥပဒေပြဋ္ဌာန်းရေးအဆိုနှင့်စပ်လျဉ်းပြီးတော့ အပိုင်း ၃ ပိုင်းခွဲပြီးတော့ တင်ပြဆွေးနွေးလိုပါတယ်။ ပထမအပိုင်းအနေနဲ့ နိုင်ငံမှာကျင့်သုံးခဲ့ဖူးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ နိုင်ငံသားများနှင့် တိုင်းရင်းသားများ အခွင့်အရေး ပြဋ္ဌာန်းထားချက်များပါရှိသော်လည်း လူနည်းစုတိုင်းရင်းသားများ အခွင့်အရေး အပြည့်အဝမရရှိဘဲ နစ်နာဆုံးရှုံးရမှုများကို တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွတ်လပ်ရေးမရရှိသေးမီကာလ ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ ၁၉၄၇ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ နိဒါန်းမှာ တရားမျှတခြင်း၊ ညီညွတ်ခြင်း၊ လွတ်လပ်ခြင်းတရားများကို ထိန်းသိမ်းရန်၊ လုံခြုံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးနယ်ပယ်များမှာ တရားမျှတခြင်း၊ အတွေးအခေါ်၊ ဆန္ဒ၊ ယုံကြည်ကိုးကွယ်မှု၊ အလုပ်အကိုင်နှင့် အသင်းအဖွဲ့လှုပ်ရှားမှုများ လွတ်လပ်ခြင်း၊ ဥပဒေရှေ့မှောက်မှာ အခွင့်အရေး၊ အခွင့်အလမ်းများ တန်းတူညီမျှခြင်းများကို အာမခံနိုင်ရန်အတွက် အဲဒီဥပဒေကို ပြဋ္ဌာန်းတဲ့အကြောင်း။ နောက် အခန်း (၂) ပုဒ်မ ၁၃၊ ၁၄၊ ၂၀၊ ၂၁၊ ၂၂ တို့မှာလည်း နိုင်ငံသားတိုင်း တန်းတူညီမျှမှု၊ ဘာသာရေးလွတ်လပ်မှု၊ ကိုးကွယ်သည့်ဘာသာ၊ လူမျိုး၊ ဘာသာစကားတို့ကြောင့် ပညာရေးကဏ္ဍမှာ ခွဲခြားမှုမရှိစေရ စသည်ဖြင့် အတိအကျ ပြဋ္ဌာန်းခဲ့ပါတယ်။ ထိုနည်းတူစွာ ၁၉၇၄ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈ အပိုဒ်ခွဲ(က)၊ (ခ)မှာ နိုင်ငံတော်သည် သဘာဝမြေပေါ်မြေအောက်သယံဇာတအားလုံးရဲ့ မူလပိုင်ရှင်ဖြစ်ပြီး ၎င်းတို့ကို တိုင်းရင်းသားအားလုံးရဲ့ အကျိုးစီးပွားအတွက် ထုတ်လုပ်သုံးစွဲမည့် အကြောင်း။ ပုဒ်မ ၂၁ (က)၊ (ခ)၊ ပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂ (ခ)၊ ပုဒ်မ ၁၅၃ (က)၊ (ခ)တို့မှာလည်း တိုင်းရင်းသားများဟာ မိမိကိုးကွယ်သည့်ဘာသာ၊ ပြောဆိုတဲ့ ဘာသာစကား၊ စာပေယဉ်ကျေးမှုများကို ထိန်းသိမ်းခြင်း၊ ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း၊ ဥပဒေရှေ့မှောက်မှာတန်းတူဖြစ်ခြင်း၊ တိုင်းရင်းသားများရဲ့ ဘာသာစကား၊ စာပေများသင်ကြားပိုင်ခွင့်၊ လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်ရှိကြောင်းကို ပြဋ္ဌာန်းထားခဲ့ပါတယ်။ မျက်မှောက်ကာလ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း ပုဒ်မ ၂၂၊ ပုဒ်မ ၃၄၈၊ ၃၄၉၊ ၃၅၂၊ ၃၅၃၊ ၃၅၄ စသည်တို့မှာလည်း ဖော်ပြပါ ဖွဲ့စည်းပုံအခြေခံဥပဒေမူဟောင်း ၂ ခုနှင့် သဘောသဘာဝချင်း တူညီသောပြဋ္ဌာန်းချက်များ ပါရှိပါတယ်။ သို့ပါသော်လည်း ဥပဒေက မည်မျှပင်ကောင်းမွန်စွာ ပြဋ္ဌာန်းထားပေမယ့် ဥပဒေရဲ့ပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံးမှုလွန်စွာအားနည်းခြင်း၊ ဥပဒေပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ပါက အရေးယူအပြစ်ပေးမှုမရှိခြင်းများကို တွေ့ရှိရတဲ့အပြင် နိုင်ငံသားများရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးသည့်ဥပဒေ ၁၉၇၅ ဥပဒေရဲ့ အခန်း (၆) အထွေထွေပါ ပြဋ္ဌာန်းချက်ဖြစ်တဲ့

တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ ဥပဒေစည်းကမ်းနှင့်အညီ မိမိတာဝန်ကို သဘောရိုးဖြင့် နိုင်ငံစွမ်းသမျှထမ်းဆောင်သော အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၏ လုပ်ဆောင်ချက်သည် ဥပဒေအရ ပြစ်မှုသော်လည်းကောင်း၊ တရားမကြောင်းတာဝန်သော်လည်းကောင်း မမြောက်စေရဆိုတာကို တလွဲအဓိပ္ပာယ်ဖွင့်ဆို အကာအကွယ်အဖြစ်ယူပြီးတော့ ဆောင်ရွက်လုပ်ကိုင်ခဲ့ခြင်းများကြောင့် အောက်ပါဖြစ်ရပ်များပေါ်ပေါက်ခဲ့ပြီး လူနည်းစုတိုင်းရင်းသားများရဲ့ အခွင့်အရေးများ များစွာနစ်နာဆုံးရှုံးခဲ့ရပါတယ်။ (၁) ၁၉၆၀ ခုနှစ်ခန့်ကစပြီးတော့ မျိုးဆက် ၂ ဆက်ကြာလာတဲ့အခါမှာ တိုင်းရင်းသားအချို့ရဲ့ နိုင်ငံသားမှတ်ပုံတင် ကတ်ပြားများမှာ မူရင်းမိဘဘိုးဘွားမျိုးနွယ်စုအမည်မှ အခြားမျိုးနွယ်စုအဖြစ် ပြောင်းလဲရေးသွင်းခံရခြင်း။ ဥပမာအနေနဲ့ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးများမှာရှိတဲ့ ရှမ်းနီတိုင်းရင်းသားတွေ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ရှမ်းတိုင်းရင်းသားတွေ၊ ရှမ်းပြည်တောင်ပိုင်းရှိ ရှမ်းတချို့နှင့် မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မွန်တိုင်းရင်းသားများတချို့တို့ရဲ့ လူမျိုးနာမည်ကို အခြားတိုင်းရင်းသားမျိုးနွယ်စုအမည်များနှင့် ပြောင်းလဲရေးသွင်းခံရခြင်းများရှိတာကို တွေ့ခဲ့ရပါတယ်။ (၂) ဖဆပလ အစိုးရလက်ထက်မှာ နိုင်ငံတော်ဘာသာဆိုပြီးတော့ သတ်မှတ်ပြီး အတင်းအကြပ်ဆောင်ရွက်ခဲ့မှုများ ရှိခဲ့တဲ့အတွက်ကြောင့် မီးရထားကိုပင် လူအင်အားဖြင့် အတင်းဆွဲဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ခြင်း။ (၃) သက်ဆိုင်ရာမျိုးနွယ်စုများရဲ့ ရိုးရာ အခမ်းအနားများ၊ ပွဲတော်များ လွတ်လပ်စွာကျင်းပခွင့်မရတဲ့အတွက် ယဉ်ကျေးမှုဓလေ့များ ဆုတ်ယုတ်ကွယ်ပျောက်လုမတတ်ဖြစ်ရခြင်း။ (၄) လူနည်းစုတိုင်းရင်းသား စာပေဘာသာစကားများကို ကျောင်းများမှာ သင်ကြားခွင့်ရရှိခြင်းမရှိသည့်အပြင် လွတ်လပ်စွာ သင်ကြားခွင့်ကိုလည်း ကန့်သတ်ခံရခြင်း၊ သုံးစွဲခွင့်ပိတ်ပင်ခံရခြင်းတို့ကြောင့် အချို့တိုင်းရင်းသားစာပေများ ကွယ်ပျောက်လုမတတ်ဖြစ်လာရခြင်း။ ဥပမာအနေနဲ့ ဘူးသီးခပေါင်းစာ၊ အနောက်တိုင်းစာများကို လွတ်လပ်စွာသင်ကြားခွင့်၊ လွတ်လပ်စွာ ဆိုင်းဘုတ်ရေးခွင့်ပြုထားပေမယ့် တိုင်းရင်းသားစာများကို ခွင့်ပြုခြင်းမရှိခဲ့တာတွေလည်း တွေ့ရှိကြားသိခဲ့ရပါတယ်။ (၅) မိမိဘာသာစကားစာပေနှင့် နှစ်ပေါင်း ရာထောင်ချီရပ်တည်လာခဲ့ကြတဲ့ လူနည်းစုတိုင်းရင်းသားမျိုးနွယ်စုများအကြားမှာ မြန်မာစာသည် ဒို့ရုံးသုံးစာ၊ မြန်မာစကားသည် ဒို့ရုံးသုံးစကားဟု ပြောရမည့်အစား ဗမာစာသည် ဒို့စာ၊ ဗမာစကားသည် ဒို့စကားဟူသော ကြွေးကြော်သံစာသားများကြောင့် လူနည်းစုတိုင်းရင်းသားများရဲ့ ရင်ထဲမှာ နာလိုခံခက် စိတ်ပျက်သိမ်ငယ်မှုများ၊ မယုံသင်္ကာစိတ်များ ပွားများလာခြင်း။ (၆) တိုင်းရင်းသားမျိုးနွယ်စုများရဲ့ ရေမြေသယံဇာတများမှ

အကျိုးခံစားခွင့်များကို ဒေသခံတိုင်းရင်းသားများက ခံစားခွင့်မရကြခြင်းစသည့် စသည့်အကျိုးဆက်များပေါ်ပေါက်လာရခြင်းဟာ တိုင်းရင်းသားအခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ ဥပဒေပြဋ္ဌာန်းကျင့်သုံးမှုမရှိခဲ့ခြင်းကြောင့်ဖြစ်တယ်လို့ ထင်မြင်ယူဆပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယပိုင်းအနေဖြင့် လူနည်းစုတိုင်းရင်းသားများအတွက် ကုလသမဂ္ဂရဲ့ အရေးယူဆောင်ရွက်ပေးမှုများနှင့် နိုင်ငံတချို့ရဲ့ လုပ်ဆောင်ချက်များကို တင်ပြလိုပါတယ်။ ကုလသမဂ္ဂ၏ ၂၀၀၇ခုနှစ် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့်ပတ်သက်သော ကြေညာစာတမ်းမှာ အပိုဒ် ၂ တိုင်းရင်းသားလူမျိုးများသည် လွတ်လပ်ပြီး အခြားသောလူမျိုးတိုင်းနှင့် တန်းတူညီမျှကြသည်။ တိုင်းရင်းသားဖြစ်ရခြင်း၏ မူလအကြောင်းအရင်းနှင့် တိုင်းရင်းသားတည်းဟူသော လူမျိုးစုတစ်စုဖြစ်ရခြင်းကြောင့် ခွဲခြားဆက်ဆံခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။ အပိုဒ် ၇ အပိုဒ်ခွဲ(၂) တိုင်းရင်းသားလူမျိုးများသည် ထင်ရှားစွာကွဲပြားခြားနားသော လူမျိုးတစ်ခုအနေဖြင့် လွတ်လပ်စွာ၊ ငြိမ်းချမ်းစွာ၊ လုံခြုံစွာနေထိုင်ရန် အခွင့်အရေးရှိသည်။ အပိုဒ် ၈ အပိုဒ်ခွဲ(၁) တိုင်းရင်းသားလူမျိုးများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းတို့သည် အခြားလူမျိုး၏ ဝါးမျိုမခံရရန်နှင့် ဖျက်ဆီးခြင်းမခံရရန် အခွင့်အရေးရှိသည်။ အပိုဒ်ခွဲ(၂) နိုင်ငံတော်သည် အောက်ပါတို့မဖြစ်ပွားရန် ကာကွယ်ခြင်းနှင့် ဖြစ်လာပါကလည်း ပြင်ဆင်ရန်ထိရောက်တဲ့ နည်းစနစ်ထားရှိရမည်။ (က) လူမျိုးတစ်မျိုး၏ လူမျိုးနှင့် ယဉ်ကျေးမှုတန်ဖိုး ပပျောက်သွားစေရန် ရည်ရွယ်သည့် အမူအကျင့် (ခ) နယ်မြေဒေသ သယံဇာတဆုံးရှုံးစေမည့် အကြံအစည် (ဂ) အတင်းအဓမ္မ ပြောင်းရွှေ့စေခြင်း (ဃ) ပုံစံအမျိုးမျိုးဖြင့် ဝါးမျိုခြင်း၊ ပူးပေါင်းစေခြင်းစသည်ဖြင့် နိုင်ငံတော်မှ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးရမယ့်အပိုင်းများကို ဖော်ပြပါရှိတာတွေ့ရှိရပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်တာနှင့်အညီ ထိုတိုင်းရင်းသားအခွင့်အရေးကြေညာစာတမ်းပါ အချက်များကို ဖော်ဆောင်ပေးဖို့လိုအပ်ပါတယ်။ အိမ်နီးချင်းတရုတ်နှင့် အိန္ဒိယနိုင်ငံများမှာ တိုင်းရင်းသားမျိုးနွယ်စုငယ်များရဲ့ အခွင့်အရေးကို ကာကွယ်ပေးတဲ့ ဥပဒေများ၊ အစီအမံများ၊ ဆောင်ရွက်ချက်များကို အဆိုရှင်မှ ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ထိုနိုင်ငံများနည်းတူ မျိုးနွယ်စုပေါင်း ၄၀၀ ကျော်ရှိတဲ့ ဖိလစ်ပိုင်ကဲ့သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ လူနည်းစုတိုင်းရင်းသား ၅ ရာခိုင်နှုန်းမျှသာရှိတဲ့ ဂျာမနီကဲ့သို့ အနောက်နိုင်ငံများမှာလည်း တိုင်းရင်းသားအခွင့်အရေးကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေများ အစီအမံများရေးဆွဲပြဋ္ဌာန်းဆောင်ရွက်ပေးကြတာကို တွေ့ရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယပိုင်းအနေနဲ့ တင်ပြလိုတာကတော့ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှာ ရွေးချယ်တင်မြှောက်ခန့်ထားခြင်းခံရတဲ့ တိုင်းရင်းသားရေးရာဝန်ကြီးများရဲ့ လုပ်ငန်းတာဝန်ပိုင်းနှင့် ပတ်သက်ပြီးတော့ တင်ပြလိုပါတယ်။ ၁၃-၇-၂၀၁၂ ရက်နေ့ကျင်းပတဲ့ အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာအေးမောင်ရဲ့ အဆိုနှင့် ပတ်သက်ပြီးတော့ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက အောက်ပါအတိုင်း ရှင်းလင်းတင်ပြသွားတာကို တွေ့ရှိရပါတယ်။ တိုင်းရင်းသားရေးရာဝန်ကြီးများသည် မိမိကိုယ်စားပြုတိုင်းရင်းသားများ အရေးအရာကို ဆောင်ရွက်နိုင်ရန် တိကျသည့်တာဝန်များ သတ်မှတ်ပြဋ္ဌာန်းထားပေးတာမရှိကြောင်း၊ တိုင်းရင်းသားများ၏ အရေးအရာကို တင်ပြလိုပါက ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့ ခွင့်ပြုချက်ရယူကာ အစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်တင်ပြနိုင်ကြောင်း၊ ဥပဒေဆိုသည်မှာ ခြုံငုံရေးသားရသည့်သဘောရှိသဖြင့် ပိုမိုရှင်းလင်းပြည့်စုံစေရေးအတွက် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကို သက်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် ဝန်ကြီးဌာနမှ ထုတ်ပြန်ဆောင်ရွက်ခွင့်ရှိကြောင်း ရှင်းလင်းတင်ပြသွားတာကိုကြားသိရပါတယ်။ ဖော်ပြပါ ရှင်းလင်းတင်ပြချက်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ရွေးကောက်တင်မြှောက်ခန့်ထားသော တိုင်းရင်းသားရေးရာဝန်ကြီးများ လုပ်ငန်းတာဝန် ထမ်းဆောင်ရာမှာ စီမံခန့်ခွဲရမယ့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ လုံးဝမရှိသေးတာ တွေ့ရှိရပါတယ်။ ၎င်းတို့ဟာ စမ်းတဝါးဝါးနဲ့ လုပ်ငန်းတာဝန်ထမ်းဆောင်နေရပြီး မိမိရာထူးနေရာအတွက်လည်း သိမ်ငယ်စိတ်များ ဖြစ်ပေါ်ခံစားနေရကြောင်း သိရှိကြားသိနေရပါတယ်။ သို့ဖြစ်ပါ၍ (၁) လူနည်းစုတိုင်းရင်းသားများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ ဖော်ဆောင်ပေးနိုင်ရန်လည်းကောင်း (၂) တိုင်းရင်းသားအချင်းချင်း သံသယကင်းသော စည်းလုံးညီညွတ်မှု ဖော်ဆောင်နိုင်အတွက် လည်းကောင်း (၃) တိုင်းရင်းသားရေးရာဝန်ကြီးများရဲ့ လုပ်ငန်းစီမံခန့်ခွဲမှု အတိအကျဖော်ပြ ဆောင်ရွက်စေနိုင်ရန်အတွက်သော်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ဥပဒေ ပြဋ္ဌာန်းရန် လိုအပ်သလို ပြဋ္ဌာန်းပေးသည့်ဥပဒေကိုလည်း အတိအကျ လိုက်နာအကောင်အထည်ဖော်ဆောင်ရန် လိုအပ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ဗမာနှင့် အင်္ဂလိပ်စကားမှာ အသံထွက်တူတဲ့ ချစ်ဆိုတဲ့ စကားတစ်လုံးရှိပါတယ်။ ဗမာစကားလုံးအဓိပ္ပာယ်ကတော့ နှစ်လိုဖွယ်အလွန်ကောင်းပါတယ်။ သို့သော် အင်္ဂလိပ် cheat ကတော့ အော့နှလုံးနာစရာ ကောင်းလှပါတယ်။ ပြည်နယ်က တိုင်းရင်းသားမျိုးနွယ်စု အများဟာ အတိတ်မှာ

ရော ပစ္စုပ္ပန်မှာပါ အင်္ဂလိပ်စကား cheat နဲ့ပဲ အချစ်ခံနေရဆဲလို့ စိတ်ထဲမှာ ခံစားနေရတုန်းပါ။ ဒါကြောင့် မြန်မာနိုင်ငံသားအပေါင်း တစ်ဦးချင်း၊ တစ်မျိုးနွယ်စုချင်း ရပိုင်ခွင့်ရှိတဲ့ အခွင့်အရေးများ အပြည့်အဝရရှိစေဖို့ လိုအပ်တဲ့ဥပဒေကို ဝိုင်းဝန်းကူညီပြီးတော့ ပြဋ္ဌာန်းပေးကြပါ။ ထိုဥပဒေအရလည်း ခံစားခွင့်များကို အင်္ဂလိပ်လို့ Cheat မခံရလေအောင် ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းပေးကြပါလို့ အကြံပြုတင်ပြရင်းနှင့် ဦးတီခွန်မြတ်တင်သွင်းတဲ့အဆိုကို အလေးအနက်ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထန်းလိန်း(မင်းတပ်မဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ် တင်သွင်းတဲ့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးနွယ်စု ပေါင်း ၁၀၀ ကျော်စုပေါင်းနေထိုင်တဲ့ ပြည်ထောင်စုနိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ အဓိကအကျဆုံးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေး ၃ ပါးကို အမျိုးသားရေးပန်းတိုင်အဖြစ် ချမှတ်ပြီးတော့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ရေးဆွဲထားပြီးဖြစ်ပါတယ်။ ရေးဆွဲဖွဲ့စည်းထားတဲ့ နိုင်ငံတော်အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော် တည်ဆောက်နိုင်ဖို့ရန်အတွက်လည်း စတင်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉ အပိုဒ်ခွဲ(က) မှာ ရှိရင်းစွဲ တိုင်း ၇ တိုင်းကို တိုင်းဒေသကြီး ၇ ခုအဖြစ်လည်းကောင်း၊ ရှိရင်းစွဲ ပြည်နယ် ၇ ပြည်နယ်ကို ပြည်နယ် ၇ ပြည်နယ် အဖြစ်လည်းကောင်း ပိုင်းခြားသတ်မှတ်သည်။ ထိုတိုင်းဒေသကြီး ၇ ခုနှင့် ပြည်နယ် ၇ ပြည်နယ်တို့သည် အဆင့်အတန်းတူညီကြသည်ဟူ၍ ပြဋ္ဌာန်းထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁(က) မှာလည်း နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့်အရေး၊

လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှု အခွင့်အရေးတို့ ခံစားခွင့်ရှိသည်လို့လည်းပဲ ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ ပုဒ်မ ၂၂ မှာ နိုင်ငံတော်သည် (က) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။ (ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်။ (ဂ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသေးသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် ကူညီဆောင်ရွက်မည်ဟူ၍ ပြဋ္ဌာန်းထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၄) ဥပဒေပြုရေး၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ပုဒ်မ ၁၈၈ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံး အတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်ဟူ၍ ပြဋ္ဌာန်းထားတဲ့အတွက် မြန်မာနိုင်ငံအတွင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကာကွယ်စောင့်ရှောက်ဆောင်ရွက်ပေးနိုင်ပြီဖြစ်သည်ကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနှင့် တာဝန်များအခန်း ပုဒ်မ ၃၅၂ မှာ နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်ထားသော အရည်အချင်းနှင့်ပြည့်စုံပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာသာသနာ၊ အမျိုးသား၊အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ။ သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများ ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတားမဖြစ်စေရဟူ၍ ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ ဘာသာရေးနှင့်ပတ်သက်လို့လည်း ပုဒ်မ ၃၆၃ မှာ နိုင်ငံတော်သည် အသိအမှတ်ပြုထားသော ဘာသာသာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်လို့ ပြဋ္ဌာန်းထားတာကိုတွေ့ရပါတယ်။ ဒါကြောင့် ပြည်သူလူထု သို့မဟုတ် လွှတ်တော်အသီးသီးက ရွေးချယ်တင်မြှောက်တာဝန်ပေးအပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့၊

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်မှုရှိမရှိနှင့် ပြည်သူလူထုက ဥပဒေပြဋ္ဌာန်းချက်များအပေါ် လိုက်နာကျင့်သုံးဆောင်ရွက်နိုင်မှုရှိမရှိအပေါ်အခြေခံပြီး အကျိုးကျေးဇူးအသီးအပွင့်များခံစားနိုင်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ အလေးအနက်ခံယူမိပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ဆွေးနွေးတင်ပြလိုတာကတော့ အဆိုရှင် ဦးတီခွန်မြတ်ဟာ ဥပဒေပညာရှင်တစ်ဦးဖြစ်ပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ပေါင်းစည်းနေထိုင်လျက်ရှိကြတဲ့ တိုင်းရင်းသားမျိုးနွယ်စု ၁၀၀ ကျော်တို့ရဲ့ အကျိုးကို ရှေးရှုလျက် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုကို တင်သွင်းခြင်းဖြစ်တဲ့အတွက် လွှတ်တော်က ဆွေးနွေးဆောင်ရွက်သင့်သည့် အဆိုတစ်ရပ်ဖြစ်ကြောင်း သုံးသပ်အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်းဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းသို့ ရောက်ရှိလာကြသော ပြည်သူ့ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကို လေးစားဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်းဖြစ်ပြီး ပအိုဝ်းတိုင်းရင်းသားတစ်ဦးလည်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ တင်ပြဆွေးနွေးချက်မှာ နိုင်ငံတော်ခေါင်းဆောင်အသီးသီးရဲ့ တိုင်းရင်းသားလူမျိုးများ အခွင့်အရေးနှင့်ပတ်သက်ပြီး အမြင်နှင့်ခံယူချက်အပေါ်မှာ ညွှန်ကြားခဲ့တဲ့ မိန့်ခွန်းမူရင်းများကို ထည့်သွင်းဆွေးနွေးတဲ့အတွက် စာဖြင့်ဖတ်ရှုဆွေးနွေးခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကွတ်ခိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ် တင်သွင်းသော တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုနှင့်ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ယင်းအဆိုဟာ ဒီနေ့ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်နေတဲ့နေရာမှာ အထူးလိုအပ်နေတဲ့ ဥပဒေတစ်ရပ်ဖြစ်တဲ့အပြင် တိုင်းရင်းသားတိုင်းမျှော်လင့်စောင့်စားနေတဲ့ ဥပဒေတစ်ရပ်လည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့အတိတ်ကာလမှာ တောင်ပေါ်ဒေသမှာနေထိုင်ကြတဲ့ မျိုးနွယ်စုများသာလျှင် တိုင်းရင်းသား

များဖြစ်ကြသည်ဟုမှတ်ယူသဘောထားကြပါတယ်။ တကယ်တော့ ပြည်ထောင်စုမြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ မျိုးနွယ်စုအားလုံးဟာ တိုင်းရင်းသားများသာဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၃ တွင် နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည်ဟုပြဋ္ဌာန်းပါရှိပါတယ်။ ရှေးပဝေသဏီကတည်းကပင် မွန်ဂိုကုန်းမြင့်မှ ဥမကွဲသိုက် မပျက်အတူတကွ နေထိုင်လာပြီး ရေကြည်ရာမြက်နုရာသို့ပြောင်းရွှေ့လာကြရာမှ ပထဝီအနေအထား အရ တစ်ဦးနှင့်တစ်ဦးအဆက်ပြတ်ကာ ရောက်ရာအရပ်၊ ရာသီဥတုပတ်ဝန်းကျင်ခြင်းမတူညီမှု တို့ကြောင့် အနေအထိုင်၊ အပြောအဆို၊ အဝတ်အစား၊ အမူအယာ၊ ဓလေ့ထုံးစံများ ကွဲပြားနေကြ ရခြင်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မည်သည့်တိုင်းရင်းသားမဆို မိမိတို့ ဘာသာစကား၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းကို ချစ်မြတ်နိုးကြသည်မှာအမှန်ပင်ဖြစ်ပါတယ်။ ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန် လည်းကိုယ်စီရှိကြပါတယ်။ တိုင်းရင်းသားအရေးသည် နူးညံ့သိမ်မွေ့ကျယ် ပြန့်သောအရာဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များအားလုံး သိကြပြီးဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်သောတိုင်းရင်းသားများ ရှိသလို မဖွံ့ဖြိုးမတိုးတက်သေးတဲ့တိုင်းရင်းသားများလည်း ယနေ့တိုင်တွေ့မြင်နေရပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အချို့သောတိုင်းရင်းသားမျိုးနွယ်စုဟာ ပျောက်ကွယ်လုနီးပါးရှိကြောင်း ဝမ်းနည်းကြေကွဲ ဖွယ်ရာတွေ့မြင်နေရပါတယ်။ မြန်မာ့သမိုင်းပုဂံခေတ် ခေတ်ဦးပိုင်းမှာ ထင်ရှားစွာရှိနေသော မျိုးနွယ်စုများဖြစ်တဲ့ ပျူ ကမ်းယံ၊ သက်ဟာ ယနေ့မှာ မြန်မာ့သမိုင်းမှာ ပျောက်ကွယ်နေကြောင်း သမိုင်းအထောက်အထားများအရ တွေ့မြင်ရပါတယ်။ မြန်မာနိုင်င ံကံဆိုးမိုးမှောင်ကျခဲ့သော ကိုလိုနီနယ်ချဲ့ လက်အောက်မှာ နှစ် ၁၀၀ အတွင်းမှာ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု မရှိခြင်း၊ နည်းပရိယာယ်အမျိုးမျိုးဖြင့် သွေးခွဲခံရတဲ့အတွက် လွတ်လပ်ရေးရယူတာတောင် တညီတညွတ်တည်းမဖြစ်ခဲ့ပါဘူး။ နောက်ဆုံးမှာတော့ တစ်ဦးနှင့်တစ်ဦးသံသယစိတ်နှင့် ဆက်ဆံရေး မပြေမလည်ဖြစ်မှုကို အကြောင်းပြုကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုဖော်ဆောင်ရမည့်အစား တစ်ဦးနှင့်တစ်ဦးသံသယ စိတ်နှင့်ကျောခိုင်းကာ လက်နက်ကိုင်ပဋိပက္ခအသွင်သို့ရောက်ရှိလာတာဟာ ယနေ့အထိပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလမှ ယနေ့ကာလအထိ အုပ်ချုပ်သော နိုင်ငံ့ခေါင်းဆောင်အသီးသီးများဟာလည်းပဲ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုမရှိလျှင် လက်နက်ကိုင်ပဋိပက္ခရှိနေလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း မတည်ဆောက်နိုင်ကြောင်း

အစစအရာရာ ဖွံ့ဖြိုးမှုနောက်ကျနေဦးမှာဖြစ်ကြောင်း သိမြင်လာကြပါတယ်။ ဒါကြောင့် နိုင်ငံရေးသမားတွေက တိုင်းရင်းသားအရေးကို တွင်တွင်ကျယ်ကျယ်ပြောဆိုလာတာကို ကြားရသိရမြင်ရသိရှိခဲ့ရပါတယ်။ ဒါ့ကြောင့် ၁၉၇၄ ခုနှစ် ဖြစ်ပေါ်လာခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၀၈ မှာ ပေါ်ပေါက်လာခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေတိုင်းမှာ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားစေရန် တန်းတူမှု၊ ညီမျှမှု၊ လွတ်လပ်မှု၊ အနှစ်သာရပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြီး ပြဋ္ဌာန်းထားတာကိုလည်း လေ့လာသုံးသပ်တွေ့ရှိရပါတယ်။ နိုင်ငံ့ခေါင်းဆောင်အသီးသီးကလည်း တိုင်းရင်းသားအချင်းချင်း သံသယကင်းရှင်းပြီး စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှုဖြစ်ထွန်းစေရန်အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ ဥပမာအားဖြင့်တင်ပြရမယ်ဆိုရင် ၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၀ ရက် ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြုပြည်ပြုလွှတ်တော်မှာ မိန့်ကြားခဲ့တဲ့မိန့်ခွန်းမှာ တိုင်းရင်းသားလူထု ညီညွတ်ရေး၊ စားဖားသမားတွေညီညွတ်တာ ကျွန်တော်မလိုချင်ဘူး။ တိုင်းရင်းသားအချင်းချင်းညီညွတ်ရေး၊ တိုင်းသူပြည်သားလူထုညီညွတ်ရေး နှစ်ခုမရှိသမျှကာလပတ်လုံး ဒီတိုင်းပြည်ဟာလွတ်လပ်ပင် လွတ်လပ်သော်ငြားလည်း ဘယ်ပါတီ တက်တက်၊ ဘယ်အစိုးရလုပ်လုပ် တိုင်းပြည်ကောင်းစားလာမှာမဟုတ်ဘူး။ တိုးတက်လာမှာမဟုတ်ဘူး။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကတော်လှန်ရေးကောင်စီဥက္ကဋ္ဌကလည်းပဲ (၁၆) ကြိမ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားမှာ တိုင်းရင်းသားအရေးနှင့်ပတ်သက်၍ ညီမျှသော အခွင့်အရေး၊ ညီမျှသောအဆင့်အတန်းရရှိမှသာလျှင် စည်းလုံးညီညွတ်မှုအစစ်အမှန်ကို ရမည်ဖြစ်တဲ့အတွက် ပြည်ထောင်စုသားအားလုံး ညီမျှသော အခွင့်အရေး၊ ညီမျှသောအဆင့်အတန်းများရအောင် ဆောင်ရွက်ပါမည်ဟူ၍လည်းကောင်း၊ ဒီနေ့ ဒီမိုကရေစီနိုင်ငံတော်သစ်မှာချီတက်လျက်ရှိတဲ့ ယခုအချိန်မှာ နိုင်ငံတော်သမ္မတကြီးက ၂၀၁၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှာ မြွက်ကြားခဲ့တဲ့မိန့်ခွန်းမှာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုတာ ယခင်အတွေ့အကြုံများအရ ပါးစပ်ကပြောနေရုံနဲ့ ဖြစ်မလာနိုင်ပါဘူး။ ပထဝီအနေအထားမရ ရေခြားမြေခြားဖြစ်နေတဲ့ ကျွန်တော်တို့ တိုင်းရင်းသားတွေ နေထိုင်တဲ့ဒေသတွေကို တစ်ဆက်တစ်စပ်တည်းဖြစ်သွားအောင် ကားလမ်းတွေ၊ မီးရထားလမ်းတွေ ဖောက်ပေးရမယ်။ တံတားတွေဆောက်ပေးရမယ်။ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းတွေကို မြှင့်တင်ပေးရမယ်။ တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာအောင် စီးပွားရေးအခြေခံကောင်းတွေကို ပြုလုပ်ပေးရမယ်လို့ မိန့်မှာခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ ပထမအကြိမ်အစည်းအဝေးမှာလည်း နိုင်ငံတော်သမ္မတကြီးက တိုင်းရင်းသားပဋိပက္ခ တစ်နည်းအားဖြင့် လူမျိုးစုလက်နက်ကိုင်တိုက်ပွဲများ အဆုံးမသတ်နိုင်သေးရင် စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်ပေါ်စေတယ်။ တိုင်းရင်းသားပဋိပက္ခပြေပျောက်စေရန် နိုင်ငံရေးနှင့် စီးပွားရေးအခွင့်အလမ်းများကို တန်းတူညီမျှဖန်တီးပေးရပါမယ်။ တိုင်းရင်းသားများအတွက် အသက်တမျှအရေးကြီးတဲ့ ဥပဒေအရပြဋ္ဌာန်းထားသော တန်းတူရည်တူအခွင့်အရေးများနှင့် အခြားသောတိုင်းရင်းသားအခွင့်အရေးများကို လွှတ်တော်မှလေ့လာသုံးသပ်ပြီးဥပဒေပြဋ္ဌာန်းပေးမယ်ဆိုရင် မိမိတို့တာဝန်ယူဆောင်ရွက်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကော်မတီရဲ့လုပ်ငန်းဟာ အလျင်အမြန်အောင်မြင်နိုင်ကြောင်းမိန့်မှာချက်ကိုကြားသိရတဲ့အတွက် တိုင်းရင်းသားများဝမ်းမြောက်ဝမ်းသာကြိုဆိုခဲ့ရပါတယ်။ တဖန် လက်တွေ့ဆန်သောငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းကလည်း ၂၀၁၅ ခုနှစ်မတိုင်မီမှာ တိုင်းရင်းသားပေါင်းစုံပါဝင်သောညီလာခံကြီးတစ်ရပ်ကျင်းပမည်ဖြစ်ကြောင်း အဆိုပါညီလာခံမှ တိုင်းရင်းသားများ၏နစ်နာမှုကိုတင်ပြတောင်းဆိုနိုင်ကြောင်း၊ ပေးနိုင်သည်ကို သက်ဆိုင်ရာပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းပြီးပေးမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ မပေးနိုင်သည်ကိုလွှတ်တော်သို့တင်ပြပြီး ဥပဒေပြုပေးလျှင်လုပ်ပေးရမည်ဖြစ်ကြောင်း သို့မှသာလျှင် ထာဝရငြိမ်းချမ်းရေးရရှိလာမှာဖြစ်ကြောင်းမှတ်သားလိုက်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားပေါင်းစုံပါဝင်သော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင်ထုတ်ပြန်သော ငြိမ်းချမ်းရေးလိုလားသူများသို့ အိတ်ဖွင့်ပေးစာမှာလည်း ယခင်အစိုးရအဆက်ဆက်က ဆောင်ရွက်ခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမည်သည့်အတွက်ကြောင့်မအောင်မြင်ခဲ့ရခြင်းကို အရှိကိုအရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်းသိရှိရန်သဘောထားထုတ်ပြန်ခဲ့ကြောင်းကိုလည်း မှတ်သားရပါတယ်။ ကျွန်တော်တင်ပြဆွေးနွေးသောအကြောင်းအရာများကို ခြုံပြီးသုံးသပ်မယ်ဆိုရင် ပြီးခဲ့တဲ့အတိတ်ကာလတုန်းက တိုင်းရင်းသားများ၏စိတ်ဝယ်တွင် ကိန်းအောင်းနေသော မညီမျှမှု၊ တန်းမတူမှု၊ မလွတ်လပ်မှုစတဲ့ သံသယစိတ်တွေစွဲကပ်နေသော မကျေနပ်မှုတွေ၊ အတွေးအခေါ်ဟောင်းတွေကို တိမ်ကင်းစင်ပြီးလမင်းသာသောညများလိုဖြစ်စေဖို့ ကျွန်တော်တို့လွှတ်တော်ကြီးက ကမကထပြုပြီး တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်တဲ့ဥပဒေပြဋ္ဌာန်းနိုင်ရေးကြိုးပမ်းပေးဖို့ တိုက်တွန်းဆွေးနွေးလိုပါတယ်။

အဆိုရှင်တင်ပြထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ (က) ပါ နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စာပေ၊ စကား၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကိုဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်ဆိုတဲ့ပြဋ္ဌာန်းချက်ကို ဥပဒေပြဋ္ဌာန်းပြီးအကောင်အထည်ဖော် ဆောင်ရွက်ရန်ဆိုတဲ့ အချက်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ခ)၊ (ဂ)ပါ ပြဋ္ဌာန်းချက်များကိုပါ တစ်ပါတည်း ဥပဒေပြဋ္ဌာန်းရန်လိုအပ်ကြောင်း ဖြည့်စွက်ဆွေးနွေးလိုပါတယ်။ သို့မှသာလျှင် ယခင်ခေတ်အဆက်ဆက်ကလို ဖွံ့ဖြိုးမှုမလုပ်ပေးနိုင်ခြင်းသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့်လည်းကောင်း၊ နယ်မြေမအေးချမ်းမှုကြောင့်လည်းကောင်း အကြောင်းအမျိုးမျိုးပြကာ အဆုံးသတ်ရမည့်အဖြစ်မျိုး မရောက်ရလေအောင် သကြ်န်အမြောက်ဆံပါ ဟုမဆိုရလေအောင်၊ လွယ်အိတ်တစ်လုံးနဲ့ ရွာစဉ်လည်နေတဲ့ တိုင်းရင်းသားဝန်ကြီးမျိုးမဖြစ်ရလေအောင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းနိုင်ဖို့ အရေးကြီးကြောင်းတင်ပြလိုပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပို၍ရှင်းအောင် ပွင့်လင်းမြင်သာလာအောင်တင်ပြရမည်ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(က)ပါ နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်ဟု ပြဋ္ဌာန်းဖော်ပြထားသလို ယခင့်ယခင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း အနက်အဓိပ္ပာယ်ချင်းဆင်တူတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ တိုင်းရင်းသားများ မိမိတို့စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ ဖွံ့ဖြိုးတိုးတက်အောင်မြှင့်တင်ပေးတဲ့အခါမှာ သင်းဖွဲ့ဥပဒေအရမှတ်ပုံတင်ရပါတယ်။ နှစ်နှစ်တစ်ကြိမ် မှတ်ပုံတင်ရပါတယ်။ ယခင်အစိုးရအဆက်ဆက်မှာ နှစ်သာကုန်ပြီး မှတ်ပုံတင်ကကျမလာတဲ့ သာဓကများစွာတွေ့ရပါတယ်။ ဒါဟာ ပေးကာပေး၏မရသဘောဆောင်နေပါတယ်။ ရှေ့တိုးရမလိုလို နောက်ဆုတ်ရမလိုလိုနဲ့ ကြုံတွေ့ရပေါင်းလည်းရှိပါတယ်။ ထို့အတူ တိုင်းရင်းသားတိုင်းလိုလို မိမိတို့ချစ်မြတ်နိုးသော ဓလေ့ထုံးတမ်းရိုးရာပွဲတော်များ ကိုယ်စီရှိကြပါတယ်။ ရိုးရာပွဲတော်ဟာ ဆယ့်နှစ်ရာသီထားချင်တိုင်းထားလို့မရပါဘူး။ ဥပမာ ကျွန်တော်တို့ပအိုဝ်တိုင်းရင်းသားများ၏ ထင်ရှားသော ပွဲတော်ဓလေ့များအနက် နှစ်သစ်ကူးပွဲတော်၊ ဘုရားပွဲတော်ဖြစ်ပါတယ်။ ပအိုဝ်တိုင်းရင်းသားများဟာ ဗုဒ္ဓဘာသာဝင်များဖြစ်သည့် အားလျော်စွာ ရွာဦးတိုင်းမှာ စေတီတစ်ဆူစီတည်ထားကိုးကွယ်လျက်ရှိပါတယ်။ စေတီရင်ပြင်မှာ ဒုံးထမ်းရင်းကကြခုန်ကြတာလည်း အင်မတန်မှ ပျော်စရာကောင်းပါတယ်။ ပြိုင်တူကျင်းပခြင်းမရှိတာကြောင့် နှစ်စဉ် နှစ်ဆန်းတစ်ရက်မှ ဝါဆိုလဆန်း ၁၃ ရက်နေ့အထိကျင်းပလေ့ရှိပါတယ်။ ရိုးရာပွဲတော်ကျင်းပရ

ခြင်းရည်ရွယ်ချက်ဟာလည်း မွန်မြတ်လှကြောင်း တွေ့ရှိရပါတယ်။ သံဃာတော်များကိုပင့်ဖိတ်ပြီး ဆွမ်း၊ ခဲဘွယ်၊ ဘောစဉ်၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး တရားနာ၊ ရေစက်ချ၊ အမျှပေးဝေခြင်း၊ နောင်နှစ်တွင် ရာသီဥတုကောင်းမွန်စေပြီး သီးနှံအထွက်ကောင်းစေဖို့ ဆုတောင်းကြပါတယ်။ အားလပ်ချိန်မှာ ဆွေမျိုးမိတ်သင်္ဂဟများဆုံတွေ့စေပြီး မွန်မြတ်တဲ့ရည်ရွယ်ချက်တွေကို ရှေးလူကြီးများ ထားခဲ့ပါတယ်။ ရှေးရှေးက တစ်ရွာပြီးတစ်ရွာ အစဉ်အလိုက် ပုံသေရက်ရှိနေသော်လည်းပဲ ပွဲတော်ကို အဆက်ဆက်သောအုပ်ချုပ်သူက ရိုးရာပွဲတော်ကျင်းပလိုရင် ပွဲမိန့်တောင်းရမယ်။ ပွဲမိန့်ရအောင် ဆိုတော့ ဘာလေး ညာလေးပေါ့ဗျာ။ ဒီတော့ ပွဲတော်စရိတ်ရဖို့ ရိုးရာမဟုတ်သော လောင်းကစားမျိုးစုံ ပါဝင်ထည့်သွင်းတဲ့အတွက်ကြောင့် ရိုးရာပွဲတော်ဟာ တစ်ရက်ကနေ တစ်ပတ်၊ တစ်ပတ်ကနေနှစ်ပတ်၊ တစ်လကြာတဲ့အထိ လောင်းကစားပွဲတော်အဖြစ်သို့ ရောက်ရှိသွားပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် တိုင်းရင်းသားရိုးရာဓလေ့ကို ကာကွယ်ပေးတဲ့ ဥပဒေမရှိလို့ အားနည်းတယ်လို့ပဲဆိုရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထို့အတူ တရားစီရင်ရေးမှာလည်း တိုင်းရင်းသားဒေသများတွင် ဓလေ့ထုံးတမ်းအရ စီရင်ဆုံးဖြတ်လျက်ရှိသေးကြောင်း အချို့သော တိုင်းရင်းသားလူမှုရေးနယ်ပယ်မှာ တွေ့မြင်နေရပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တုန်းက မြို့နယ်တရားသူကြီးရဲ့ တရားစီရင်ရေးလက်စွဲစာစောင်တွင် တရားစီရင်ဆုံးဖြတ်ရာ၌ တိုင်းရင်းသားများ၏ ဓလေ့ကိုလည်း ထည့်သွင်းစဉ်းစား အလေးထားရမည်ဟုဖော်ပြရုံမှလွဲ၍ ယခင်ရော၊ ယခုပါ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးခဲ့သောဥပဒေ၊ နည်းဥပဒေမရှိသေးကြောင်း လေ့လာသုံးသပ်ရပါတယ်။ ယခင့်ယခင်က မြန်မာ့သမိုင်းရေစီးကြောင်းမှာ ဥပဒေမည်ကဲ့သို့ရှိစေကာမူဆိုသော စကားစုသည် တိုင်းရင်းသားများအတွက် ရင်လေးစရာ ဝေါဟာရတစ်ခုဖြစ်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မည်ကဲ့သို့ရှိစေကာမူ နိဂုံးချုပ်အနေနဲ့ ကျွန်တော် တင်ပြဆွေးနွေးလိုတာက တိုင်းရင်းသားအရေးသည် သိမ်မွေ့နူးညံ့သည့်အတွက် ဥပဒေပေါ်ပေါက်ပြဋ္ဌာန်းနိုင်ရေးဟာ တိုင်းရင်းသားပေါင်းစုံ၊ ပညာရှင်ပေါင်းစုံပါဝင်သော လေ့လာစုံစမ်းရေးကော်မရှင် သို့မဟုတ် အဖွဲ့ကိုဖွဲ့စည်းပြီး နှိုက်နှိုက်ချွတ်ချွတ်လေ့လာပြီးခါမှ တိုင်းရင်းသားများကိုအပြည့်အဝ အကာအကွယ်ပေးနိုင်သော ဥပဒေမျိုးပေါ်ထွန်းလာဖို့ လုံလောက်သောအချိန်ယူဆောင်ရွက်ပေးကြရန် အကြံပြုရင်း ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်တင်သွင်းသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုကို လေးလေးနက်နက်ထောက်ခံတင်ပြရင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် တင်ပြချက်နဲ့ပတ်သက်ပြီး နားဝင်မချိုဘဝင်မကျရင်ဖြင့် ကျွန်တော်သာဖြစ်ကြောင်း တောင်ပေါ်သားတိုင်းရင်းသားတစ်ဦးပဲလို့မှတ်ယူပြီး နားလည်ခွင့်လွှတ် ပေးကြပါရန် လေးစားစွာတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်၏ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ကို ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုးက ဥပဒေကြမ်းတစ်ခု ပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၁ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့ ဦးမောင်တိုးအား ဖိတ်ခေါ်ပါတယ်။

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို လေးစား စွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်တိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့ ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဒီအဆိုတင်ရတဲ့ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ နှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ ပြုသည်ဟု ဖော်ပြထားပါတယ်။ ဒီတာဝန်ကို ပြည်ထောင်စုလွှတ်တော်အနေနဲ့ ပြည်သူတို့ကိုယ်စား ထိရောက်စွာ ထမ်းဆောင်နိုင်ရန်အတွက် ရည်ရွယ်ပါတယ်။ ပြည်ထောင်စု စာရင်းစစ်ချုပ်ရဲ့ ဥပဒေကို လေ့လာကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဖော်ပြပါတာဝန်ထမ်းဆောင်ဖို့ အတွက်ဆိုရင် အခက်အခဲရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စု စာရင်းစစ်ချုပ်ရဲ့ဥပဒေ ၁၁(က)ကို စတင်ပြီးတော့ ပြင်ဆင်ရခြင်းဖြစ်ပါတယ်။ ဒီ ၁၁(က)မှာ ဆိုလို့ရှိရင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသား

လွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ နိုင်ငံတော်၏အရအသုံးစာရင်းများ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ထူးခြားသော အခြေအနေကို အခါအားလျော်စွာ တင်ပြခြင်းလို့ပဲ ရေးထားပါတယ်။ ထူးခြားသော အခြေအနေကိုတောင်မှ အခါအားလျော်စွာပဲ တင်ပြရမယ်ဆိုရင်တော့ ဒီဥစ္စာက ကျွန်တော်တို့ လွှတ်တော်ကို တိတိကျကျတင်ပြဖို့ မပါရှိပါဘူး။ ဒါကြောင့်မို့လို့ ဒီဥပဒေကို ၁၁(က)ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသား လွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ နိုင်ငံတော်၏အရအသုံးစာရင်းများ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် တင်ပြခြင်း၊ ထူးခြားသောအခြေအနေကို အခါအားလျော်စွာ တင်ပြခြင်းဆိုတဲ့စကားရပ်နဲ့ အစားထိုးဖို့အတွက် တင်ပြထားခြင်း ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(ည)မှာ ပါရှိတဲ့ မိမိရဲ့ဆောင်ရွက်ချက်ကို နိုင်ငံတော်သမ္မတမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်းဆိုတဲ့ ပုဒ်မခွဲကို ဒီပုဒ်မခွဲမှာ သူက မိမိရဲ့ဆောင်ရွက်ချက်ကို တင်ပြခြင်းဆိုတဲ့ဥစ္စာက ဒီလုပ်ဆောင်ချက်ကိုပဲ တင်ပြဖို့ဆိုတဲ့သဘောမျိုးသက်ရောက်တယ်လို့ စာရင်းစစ်ချုပ်ရုံးကလည်း ခံယူပါတယ်။ စာရင်း စစ်ဆေးချက်တွေကို လွှတ်တော်ကို တင်ပြစရာမလိုဘူးဆိုတဲ့သဘော ဖြစ်နေပါတယ်။ အဲဒါကြောင့်မို့လို့ ၁၁(ည)ကို မိမိဆောင်ရွက်ချက်များနှင့် စစ်ဆေးတွေ့ရှိချက်များကို နိုင်ငံတော်သမ္မတထံသို့ တင်ပြသည် နှင့်တစ်ပြိုင်တည်းတွင် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်းဆိုတဲ့စကားရပ်နဲ့ ကျွန်တော် တို့ အစားထိုးဖို့ တင်ပြထားပါတယ်။ နောက် ကျွန်တော်တို့ စာရင်းစစ်ချုပ်ရဲ့ ဥပဒေမှာ လေ့လာ ကြည့်မယ်ဆိုလို့ရှိရင် ဒီပြည်ထောင်စုလွှတ်တော်တို့၊ ပြည်သူ့လွှတ်တော်တို့၊ အမျိုးသားလွှတ်တော် တို့ဟာ ၎င်းတို့ရဲ့လွှတ်တော်လုပ်ငန်းနဲ့ပတ်သက်တဲ့ဟာကိုပဲ စစ်ဆေးဖို့ ညှိနှိုင်းလာလို့ရှိရင် စစ်ဆေး ပေးရမယ်လို့ ပါပါတယ်။ ပြည်ထောင်စုလွှတ်တော်အနေနဲ့ စာရင်းစစ်ချုပ်ကို တစ်ခုခုကို စစ်ဆေးခိုင်း လို့ မရတဲ့ဟာမျိုး တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ပုဒ်မ ၁၁ ရဲ့ (ဌ)ရဲ့ နောက်မှာ (ဍ)ကို ဖြည့်စွက် ရခြင်းဖြစ်ပါတယ်။ ဖြည့်စွက်လိုတဲ့စာသားကတော့ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ လုပ်ငန်းအကောင်အထည်ဖော်မှုကို စစ်ဆေးရန် တာဝန်ပေးအပ်လာပါက စစ်ဆေး၍ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်းဆိုတဲ့ ပုဒ်မခွဲ(ဍ)ကို ဖြည့်စွက်ရန် တင်ပြခြင်း ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ဟာ ဒီဥပဒေကြမ်းကို Private Bill အဖြစ်နဲ့ တင်တာဖြစ်သော်လည်းပဲ ဒီကျွန်တော်တို့ ပြည်သူ့ ငွေစာရင်း ကော်မတီအနေနဲ့ ပြည်သူ့ငွေစာရင်းကော်မတီကို ပြည်သူ့လွှတ်တော်က ပေးအပ်ထားတဲ့ တာဝန်တွေကို ထမ်းဆောင်နိုင်ဖို့အတွက် ဘယ်လိုလုပ်မလဲဆိုတာကို ကျွန်တော်တို့ ကော်မတီ အနေနဲ့ စည်းဝေးပြီးတဲ့အခါကျတော့မှ ဒီလိုဥပဒေကို ပြင်သင့်တယ်ဆိုတာကို သိရှိရတဲ့အတွက် ကျွန်တော်တို့ ကော်မတီကနေပြီးတော့မှ အားလုံးရဲ့ သဘောတူညီချက်နဲ့ ဆုံးဖြတ်တာဖြစ်တဲ့အပြင် ပြည်သူ့ လွှတ်တော်ရဲ့ ကော်မရှင်ကနေပြီးတော့ အကြံပြုချက်များအားလုံးနဲ့ ဒီအရာကိုရေးသားပြီး တင်သွင်း ရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်မှ ဆွေးနွေးအတည်ပြုပေးနိုင်ပါရန်အဆို တင်သွင်းအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမောင်တိုး တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးမိုးဇော်ဟိန်း(ကသာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုး တင်သွင်းတဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်မှာ လက်ခံဆွေးနွေးပေးရန် အဆိုတင်သွင်းခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမိုးဇော်ဟိန်းက ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမောင်တိုးတင်သွင်းသွားတဲ့အဆိုနှင့်ပတ်သက်ပြီး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းက ကြိုတင်သဘောတူညီမှုရရှိပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ရဲ့ သဘောထား ရယူပြီးတော့ ဆက်လက်ဆောင်ရွက်သွားပါမယ်။ ဒါကြောင့် ဦးမောင်တိုးတင်သွင်းတဲ့အဆိုကို လွှတ်တော်က ဆွေးနွေးရန် သဘောတူပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောတူတဲ့အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန်

ဆုံးဖြတ်ကြောင်းနှင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆) ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၅) ရက်မြောက်နေ့ ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက် (သောကြာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်**၊ ၁၂း ၀၀။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ၁၂း၀၀ နာရီတွင် ရပ်နားပါသည်။]**